စက်မှုအလင်း ဂျာနယ်
Beacon of Industry
Vol.2, No.12 - July 15, 2017
www.industry.gov.mm
စက်မှုဝန်ကြီးဌာနမှထုတ်ဝေသည်။

# ဒီမိုကရေစီစနစ်တွင် ‘မလုပ်၊ မရှုပ်၊ မပြုတ် ’အတွေးအခေါ်အတွက် နေရာမရှိနိုင်

မြန်မာနိုင်ငံ နိုင်ငံ့ဝန်ထမ်းပြုပြင်ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာစီမံချက်ထုတ်ပြန်ကြေညာသည့် အခမ်းအနားကို ဇူလိုင်လ ၁၀ ရက်နေ့၊ နံနက် ၉ နာရီခွဲတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကား ပြောကြားသည်။

- ‘ကျင့်ဝတ်သိက္ခာကောင်းမွန်ခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်း၊ တာဝန်ခံမှုရှိခြင်းဆိုသည့် ‘မူ’ များအပေါ်အခြေခံပြီး လုပ်ရည်ကိုင်ရည်နှင့် ယုံကြည်ချက်ခိုင်မာမှုရှိသည့် ဝန်ထမ်းအဖွဲ့အစည်းသည် ကောင်းမွန်သောဒီမိုကရေစီအုပ်ချုပ်ရေး၏ ကျောရိုးမဏ္ဍိုင်ပင်ဖြစ်။
- ပြည်သူ့ဝန်ထမ်းများသည် လုပ်ငန်းတစ်ရပ်ဆောင်ရွက်ရာတွင် မိမိတို့အထက်အရာရှိ၊ ဝန်ကြီးများသိရမည့်အကြောင်းအကျိုး၊ အကောင်းအဆိုးများကို ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား၊ ဘက်လိုက်မှုကင်းကင်းနှင့်သတ္တိရှိရှိတင်ပြနိုင်ရမည်၊ တင်ပြရန် တာဝန်လည်းရှိ။
- ဒီမိုကရေစီစနစ်တွင် ‘မလုပ်၊ မရှုပ်၊ မပြုတ်’ အတွေးအခေါ်အတွက် နေရာမရှိနိုင်။
- ပြည်သူ့ဝန်ထမ်းဆိုသည်မှာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်သည့် အစိုးရအပေါ်တွင် တာဝန်ခံရမည်။

စာ – ၂




## ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို အိန္ဒိယနိုင်ငံ၊ အိန္ဒိယအထည်အလိပ်ကုန်စည်ပြပွဲ ၂၀၁၇ အခမ်းအနားသို့တက်ရောက် ဂူဂျာရတ်ပြည်နယ်ရှိ Charanka Solar Park သို့ သွားရောက်လေ့လာ

စာ – ၂





စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

မျက်နှာဖုံးမှ-

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယနိုင်ငံအစိုးရ၊ အထည်အလိပ်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး Mrs. Smriti Zubin Irani ၏ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံ၊ ဂူဂျာရတ်ပြည်နယ်၊ အမီဒါဘတ်မြို့တွင် ဇွန်လ ၂၉ ရက်နေ့မှ ဇူလိုင်လ ၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် အိန္ဒိယအထည်အလိပ်ကုန်စည်ပြပွဲ ၂၀၁၇ (Textiles India 2017) သို့ တက်ရောက်ခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၉ ရက်နေ့ နံနက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်္ကာပူလေကြောင်းလိုင်းဖြင့် စတင်ထွက်ခွာခဲ့ပြီး စင်္ကာပူနိုင်ငံ ချန်ဂီလေဆိပ်မှတစ်ဆင့် အိန္ဒိယနိုင်ငံ၊ အမီဒါဘတ်မြို့သို့ သွားရောက်ခဲ့ရာ **ဒေသစံတော်ချိန် ည ၁၁ နာရီခွဲတွင် Novotel Hotel, Ahmedabad သို့**ရောက်ရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် **ဇွန်လ ၃၀ ရက်နေ့၊ နေ့လယ်ပိုင်းတွင် အမီဒါဘတ်မြို့၊ Mahatma Mandir, Main Convention Hall တွင်ကျင်းပပြုလုပ်ခဲ့သည့် Textiles India 2017 စတင်ဖွင့်လှစ်သည့်အခမ်းအနားသို့** တက်ရောက်ခဲ့သည်။ အဆိုပါ အခမ်းအနားသို့ အိန္ဒိယနိုင်ငံအစိုးရ ဝန်ကြီးချုပ် Mr.Narendra Modi, အထည်အလိပ်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Mrs.Smriti Zubin Irani, ဂူဂျာရတ်ပြည်နယ်အစိုးရဝန်ကြီးချုပ် Mr. Vijay Rupani နှင့်တာဝန်ရှိသူများက တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် **ဇူလိုင်လ ၁ ရက်နေ့တွင် ဂူဂျာရတ်ပြည်နယ်ရှိ Charanka Solar Park** သို့ သွားရောက်လေ့လာခဲ့ရာ Gujarat Power Corporation Ltd. မှ Chief Project Officer Mr. Rajendra Mistry နှင့် တာဝန်ရှိသူများက Solar Park နှင့်သက်ဆိုင်သည့် အချက်အလက်များကို အသေးစိတ် ရှင်းလင်းတင်ပြကြပြီး ရှုရပ်မှနေ၍ Solar Park ဧရိယာအား ကြည့်ရှုလေ့လာခဲ့သည်။ ၎င်းနောက် Torrent Power Limited မှ ဆောင်ရွက်လျက်ရှိသည့် 50MW Solar Power Station ၏ Solar Panel များ၊ Inverter Unit များနှင့် Control Panel များ တပ်ဆင်ထားရှိမှုများကို ကြည့်ရှုလေ့လာခဲ့သည်။

ဂူဂျာရတ်ပြည်နယ် (Gujarat) Charanka Solar Park တွင် အိန္ဒိယပြည်တွင်းနှင့်ပြည်ပမှ Developer များက တပ်ဆင်ထားရှိသည့် Station များမှ ထွက်ရှိ Solar Power စုစုပေါင်း 500 MW ကို National Grid သို့ ပေးပို့လျက်ရှိပြီး **နေရောင်ခြည်ကောင်းစွာမရရှိသော မိုးသည်းထန်သည့်နေ့များတွင်ပင် 50MW (၁၀ ရာခိုင်နှုန်းခန့်)** ထွက်ရှိကြောင်း သိရှိရသည်။ အဆိုပါ ဆိုလာဓာတ်အားပေးစက်ရုံတွင် ပုဂ္ဂလိက Developer အဖွဲ့ ၂၁ ဖွဲ့မှ အပိုင်းလိုက်ခွဲ၍ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်လျက်ရှိရာ ဈေးနှုန်းချိုသာစွာဖြင့် National Grid ကွန်ရက်စနစ်သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် **ဇူလိုင်လ ၂ ရက်နေ့ နံနက်ပိုင်းတွင် Helipad Ground, Gandhinagar Exhibition Hall No.10 ရှိ Conference Room ၌ ကျင်းပပြုလုပ်ခဲ့သည့် Conference on ASEAN-India Cooperation: Weaving Synergies for Enhancing Trade and Investment in Textiles သို့** အိန္ဒိယနိုင်ငံအစိုးရ၊ အထည်အလိပ်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Mrs. Smriti Zubin Irani နှင့်အတူ တက်ရောက်၍ အမှာစကားပြောကြားခဲ့ပြီး အထည်အလိပ်လုပ်ငန်းများ၊ Solar ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ပုဂ္ဂလိကအခန်းကဏ္ဍတိုးမြှင့်ရေးလုပ်ငန်းများတွင် ပါဝင်ပူးပေါင်းဆောင်ရွက်ရေးတို့ကို

**စာမျက်နှာ ၆ သို့ -**




**Textiles India 2017 အခမ်းအနားကျင်းပနေစဉ်။**




**ပြည်ထောင်စုဝန်ကြီး Conference on ASEAN-India Cooperation တွင် အမှာစကားပြောကြားစဉ်။**

မျက်နှာဖုံးမှ-

- ဝန်ထမ်းများ သင့်လျော်မျှတသည့် လုပ်ခလစာရရှိရေး၊ ကောင်းမွန်သည့် အထွေထွေခံစားခွင့်များ ရရှိခံစားနိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးသွားမည်။
- အခြားနိုင်ငံများ၏ အောင်မြင်မှု၊ မှားယွင်းမှုများကို သင်ခန်းစာယူပြီး နည်းပညာသစ်များ၊ တီထွင်ကြံဆမှုများနှင့် အခွင့်အလမ်းများကို ခုန်ပျံကျော်လွှားရှာဖွေကြိုးပမ်းအားထုတ်ဆောင်ရွက်ရမည်။
- ဖက်ဒရယ်အစိုးရထွက်ပေါ်လာခြင်းဖြင့် ကြုံတွေ့လာနိုင်သည့်ပြောင်းလဲမှု၊ စိန်ခေါ်မှုများကိုလည်း ရင်ဆိုင်နိုင်ရန် ကြိုတင်ပြင်ဆင်မှုများလည်း ပြုလုပ်ထားရန်လိုအပ်။

**(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားချက်များမှ ကောက်နုတ်ဖော်ပြပါသည်။)**

**Charanka Solar Park ရှိ Solar Power Station ၏ Solar Panel များ၊ ဗို့အားမြင့် Transformer များ၊ မိုးကြိုးလွှဲများအား တွေ့မြင်ရစဉ်။**





# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို
# ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ဝန်ထမ်းသား/သမီးများအား ဂုဏ်ပြု

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ဇူလိုင်လ ၇ ရက်နေ့၊ နေ့လယ် ၂ နာရီတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သည့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းများ၏သား/သမီးများအား ဂုဏ်ပြုသည့်အခမ်းအနားသို့တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ထူးချွန်သည့်သား/သမီး မောင်မယ်များအား ဂုဏ်ပြုဆုများချီးမြှင့်ရသည့် ရည်ရွယ်ချက်မှာ ကျောင်းသား/ကျောင်းသူမျိုးဆက်သစ်များ၏ ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြု ဂုဏ်ပြုချီးမြှောက်ခြင်းဖြစ်ပြီး ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာအောင်လည်း တိုက်တွန်းနှိုးဆော်လိုသည့်သဘောဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယခုလိုဂုဏ်ပြုချီးမြှင့်ခြင်းကို တန်ဖိုးထားနားလည်ပြီး မိမိတို့၏သား/သမီးများကို ယခုထက်မက ပိုမိုအောင်မြင်အောင်၊ လူတော်လူကောင်းများဖြစ်အောင်၊ မှန်ကန်သည့်လမ်းကြောင်းပေါ် ခြေချနိုင်အောင်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားပြုရသည့် သားကောင်း သမီးရတနာများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်လည်း တိုက်တွန်းလိုကြောင်း၊ နိုင်ငံတော်တွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်အရေးကြီးကြောင်း၊ ယနေ့လူငယ်များသည် နောင်တစ်ချိန်တွင် နိုင်ငံတော်၏တာဝန်များကို ပခုံးပြောင်းတာဝန်ယူရမည်ဖြစ်၍ မောင်မယ်များအနေဖြင့် ကမ္ဘာနှင့်အဝှမ်း အစစအရာရာတိုးတက်ပြောင်းလဲနေသည့် နည်းပညာခေတ်ကြီးထဲတွင် ပညာရည်ထူးချွန်ရုံသာမကဘဲ အင်္ဂလိပ်စာ၊ ကွန်ပျူတာစသည့်ဘာသာရပ်များ၊ ခေတ်မီနည်းပညာများကို ကျွမ်းကျင်တတ်မြောက်အောင် လေ့လာသင်ကြားစေလိုကြောင်း၊ အစကောင်းမှအနှောင်းသေချာဆိုသည့်အတိုင်း အသက်မွေးဝမ်းကျောင်းပညာရပ်များကို ငယ်ရွယ်စဉ်ကတည်းက အပတ်တကုတ်ကြိုးစားလေ့လာမှသာ တိုင်းပြည်တာဝန်များကို ပိုမိုကျေပွန်အောင် ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ မောင်မယ်များအနေဖြင့် မိဘ၊ ဆရာသမားများ၏ သွန်သင်ပြသမှုများကို တိတိကျကျလိုက်နာပြီး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်တာဝန်ရှိကြောင်း၊ ယခုလိုထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များပေါ်ထွန်းလာအောင် ပြုစုပျိုးထောင်ပေးခဲ့သည့် မိဘများကိုလည်း ကျေးဇူးတင်ကြောင်း၊ ယနေ့ခေတ်၊ ယနေ့ကမ္ဘာသည် တီထွင်ဆန်းသစ်မှုအမျိုးမျိုးတို့ကြောင့် နည်းပညာသစ်များ နေ့စဉ်တိုးတက်ပေါ်ပေါက်နေ၍ အလွန်အပြောင်းအလဲမြန်သော ကမ္ဘာကြီးဖြစ်နေကြောင်း၊ မျိုးဆက်သစ်များအနေဖြင့် တိုးတက်ပြောင်းလဲမှုနှင့် အတတ်ပညာ၊ နည်းပညာသစ်များကို အမီလိုက်နိုင်ရန် အစဉ်ကြိုးစားအားထုတ်နေရမှာဖြစ်ကြောင်း၊ တိုင်းပြည်တာဝန်များကို ပခုံးပြောင်းတာဝန်ယူမည့် မျိုးဆက်သစ်လူငယ်များအနေဖြင့် ဆက်လက်သင်ယူမည့် ကဏ္ဍနယ်ပယ်အသီးသီးတွင် စဉ်ဆက်မပြတ်လေ့လာသင်ယူသွားရန် တိုက်တွန်းလိုကြောင်း၊ ထို့အပြင် လေ့လာသင်ယူခြင်းကို တစ်စိုက်မတ်မတ် ဆောင်ရွက်သွားရန်လိုအပ်သလို မိမိတို့ကိုယ်တိုင်လည်း စိတ်ကူးစိတ်သန်းကောင်းကောင်းဖြင့် နိုင်ငံတော်အတွက် အကျိုးရှိမည့်တီထွင်ဆန်းသစ်မှုများ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ မိမိဝါသနာပါရာ လက်တွေ့အသုံးချနိုင်သည့် ပညာရပ်များကို ရွေးချယ်သင်ယူပြီး လုပ်ငန်းခွင်တွင်လည်း သင်ယူခဲ့သည်များကို ပြန်လည်အသုံးပြုစေလိုကြောင်း၊ သင်ကြားရသည့် အတတ်ပညာဘာသာရပ်အပေါ် ကိုယ်တိုင်စိတ်ပါဝင်စားမှသာလျှင် ယင်းပညာရပ်၌ထူးချွန်ထက်မြက်သူ ဖြစ်လာနိုင်သည့်အတွက် မိဘများအနေဖြင့် သားသမီးများအား လေ့လာသင်ကြားရေးကိစ္စ၌ လွတ်လပ်စွာဆုံးဖြတ်ခွင့်ပေးရန် တိုက်တွန်းလိုကြောင်း၊ သို့မှသာ လူငယ်များအနေဖြင့် စိတ်ဝင်စားရာပညာရပ်ကိုလေ့လာခွင့်ရ၍ နယ်ပယ်အသီးသီး၌ ထူးချွန်ထက်မြက်သူများ ပေါ်ထွက်လာပြီး မိမိနေထိုင်ရာပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းအတွက် အကောင်းဆုံးအထောက်အပံ့ပြုနိုင်မှာဖြစ်ကြောင်း၊ မိဘများအနေဖြင့် နိုင်ငံတော်ကပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်မြင်စွာထမ်းဆောင်ရင်း တစ်ဖက်ကလည်း မိမိတို့၏သားသမီးများကို ထူးချွန်ထက်မြက်သည့် နိုင်ငံတော်အတွက် အထောက်အပံ့ကောင်းများဖြစ်စေမည့် နိုင်ငံသားကောင်း၊ သမီးကောင်း ရတနာများဖြစ်လာအောင် သွန်သင်ဆုံးမပြီး ပြုစုပျိုး

စာမျက်နှာ ၆ သို့ -




ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုက
ဦးမိုးဆွေ (ညွှန်ကြားရေးမှူး၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန) ၏သား
ဘက်စုံပညာထူးချွန် (သုံးထပ်ကွမ်း)၊ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဟိန်းသန့်ဆွေအား ဆုချီးမြှင့်စဉ်။



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ဒွါဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ဒွါဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင်လ ၁၄ ရက်နေ့ နံနက် ၁၀ နာရီက နေပြည်တော်၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) ရှိ စုပေါင်းခန်းမ၌ကျင်းပခဲ့သည်။



အခမ်းအနားသို့ သီရိဂန္ဓမာသပြေအေးမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်း ပဓာနနာယကဆရာတော်ဘဒ္ဒန္တဂန္ဓမာလာ အမှူးပြုသည့် ဆရာတော်၊ သံဃာတော် (၁၅) ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့်ဇနီး ဒေါ်သစ်သစ်အောင်၊ ဌာနအကြီးအကဲများနှင့်ဇနီးများ၊ ဝန်ထမ်းများတက်ရောက်ကြည်ညိုကြသည်။ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ သီရိဂန္ဓမာသပြေအေးမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းပဓာနနာယကဆရာတော်ဘဒ္ဒန္တဂန္ဓမာလာထံမှ ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးအမှူးပြုသောပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်များက မေတ္တာသုတ်နှင့်ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့်ဇနီး၊ ဌာနအကြီးအကဲများနှင့်ဇနီးများက ဆရာတော်ကြီးများထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် သီရိဂန္ဓမာသပြေအေးမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု (၃) ကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားရုပ်သိမ်းခဲ့သည်။ အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်ဇနီးများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ ❑






## ပြည်ပသွားရောက်ခဲ့သည့်ဝန်ထမ်းများ အတွေ့အကြုံရှင်းလင်း

စက်မှုဝန်ကြီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ စွမ်းအင်ခြိုးခြံချွေတာရေးဌာနမှ Energy Efficiency Program by IEA (Home Appliance) ဖြင့် ပြင်သစ်နိုင်ငံသို့သွားရောက်ခဲ့သော ညွှန်ကြားရေးမှူးတစ်ဦး၊ အမှတ် (၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) မှ Regional Core Standards for TVET Personnel Working Group ဖြင့် လာအိုနိုင်ငံသို့သွားရောက်ခဲ့သည့် ဌာနမှူးတစ်ဦး၊ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) မှ Workshop on Teaching Factory ဖြင့် အင်ဒိုနီးရှားနိုင်ငံသို့သွားရောက်ခဲ့သည့် ဌာနမှူးတစ်ဦး၊ အမှတ် (၃) စက်မှုသင်တန်းကျောင်း






(သာဂရ) မှ Workshop of TVET Management Professionals and Multipliers ဖြင့် ဗီယက်နမ်နိုင်ငံသို့သွားရောက်ခဲ့သည့် ကျောင်းအုပ်ကြီးတစ်ဦးနှင့်အမှတ် (၆) စက်မှုသင်တန်းကျောင်း (မြင်းခြံ) မှ Workshop of TOT TVET Teacher ဖြင့် ဗီယက်နမ်နိုင်ငံသို့သွားရောက်ခဲ့သည့် ကျောင်းအုပ်ကြီးတစ်ဦးတို့က ၎င်းတို့ရရှိခဲ့သော အတွေ့အကြုံများကို မိမိဝန်ကြီးဌာနရှိဝန်ထမ်းများအား ပြန်လည်မျှဝေခြင်း (Knowledge Sharing) အခမ်းအနားကို ဇွန်လ ၃၀ ရက်နေ့၊ နေ့လယ် ၁ နာရီတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) နေပြည်တော်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါအခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားနှင့်နိဂုံးချုပ်အမှာစကားတို့ကို ပြောကြားခဲ့ပြီး ဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့်လုပ်ငန်းများမှဝန်ထမ်းများ၊ စုစုပေါင်းဝန်ထမ်း ၃၅ ဦးခန့် တက်ရောက်လေ့လာခဲ့ကြကြောင်းသိရသည်။

## လျှပ်စစ်ကျွမ်းကျင်မှုမွမ်းမံသင်တန်း (၁/၂၀၁၇) အောင်မြင်စွာဖွင့်လှစ်ပြီးစီး



စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ် (၃၅) ရှိ လျှပ်စစ်စစ်ဆေးရေးဓာတ်ခွဲခန်းနှင့် သင်တန်းဌာန၌ လျှပ်စစ်ကျွမ်းကျင်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၇) ကို မေလ ၁၅ ရက်နေ့မှ ဇူလိုင်လ ၇ ရက်နေ့အထိ ရက်သတ္တပတ် ၈ ပတ်ကြာ ဖွင့်လှစ်ခဲ့သည်။

လျှပ်စစ်ကျွမ်းကျင်မှုမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၇) တွင် စက်မှုဝန်ကြီးဌာနမှ သင်တန်းသား/သင်တန်းသူ ၁၄ ဦး၊ အခြားဝန်ကြီးဌာနမှ သင်တန်းသား/သင်တန်းသူ ၂၃ ဦး၊ ပြင်ပသင်တန်းသား ၃၆ ဦး၊

**စာမျက်နှာ ၅ သို့ -**

**စာမျက်နှာ ၄ မှ-**

စုစုပေါင်း ၇၃ ဦးတက်ရောက်ခဲ့ကြသည်။

သင်တန်းကာလတွင် ညွှန်ကြားရေးမှူး (လျှပ်စစ်စစ်ဆေးရေး)၊ ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေး ဦးစီးဌာန၊ လျှပ်စစ်စစ်ဆေးရေးမှ အရာထမ်းများ၊ လျှပ်စစ်စစ်ဆေးရေးမှ အငြိမ်းစားဆရာကြီးများအပါအဝင် သင်တန်းနည်းပြဆရာ/ဆရာမ ၁၀ ဦး၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ အငြိမ်းစားဆရာကြီး ဦးမိုးအောင် (တက္ကသိုလ်မိုးဝါ)၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ကထိကဆရာတစ်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန (လျှပ်စစ်) မှအရာထမ်းတစ်ဦး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ကိုယ်စားလှယ်တစ်ဦးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှလည်း ဓာတ်လိုက်မှုဖြစ်ပွားပါက ရှေးဦးသူနာပြုစုနည်းများကို သင်ကြားပို့ချပေးခဲ့သည်။ သင်တန်းသား/သင်တန်းသူများအား လေ့လာရေးခရီးစဉ်အဖြစ် KTK Electrical Engineering Co.,Ltd. ၏ Transformer ထုတ်လုပ်သောစက်ရုံသို့ သွားရောက်လေ့လာခဲ့သည်။

လျှပ်စစ်ကျွမ်းကျင်မှုမွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဆင်းပွဲကို ဇူလိုင်လ ၇ ရက်နေ့ နံနက် ၈ နာရီတွင် သင်တန်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ ညွှန်ကြားရေးမှူးချုပ်ဒေါ်အေးအေးဝင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူတို့အား ဆုများချီးမြှင့်ခဲ့သည်။ ထို့နောက် ညွှန်ကြားရေးမှူး ဦးခင်ရွှေက သင်တန်းသား/သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ချီးမြှင့်ပေးခဲ့သည်။

သင်တန်းသား/သင်တန်းသူများအား သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်အသီးသီးတွင် လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် နည်းပညာများ ပိုမိုသိရှိလာစေရန်၊ လျှပ်စစ်လုပ်ငန်းများအား အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်လာနိုင်စေရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ရှင်သန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လျှပ်စစ်ကျွမ်းကျင်မှုမွမ်းမံသင်တန်းကို တစ်နှစ်လျှင် (၁) ကြိမ်ဖွင့်လှစ်ပေးလျက်ရှိရာ ယခုသင်တန်းအပါအဝင် (၇) ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား/သင်တန်းသူ ၅၂၅ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ ❑

## ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်

စက်မှုဝန်ကြီးဌာ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်) မှ ဝန်ထမ်းသားသမီးများ၏ ၂၀၁၆-၂၀၁၇ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူရှစ်ဦးနှင့်ရိုးရိုးအောင်မြင်သူ ၁၇ ဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပွဲကို ဇူလိုင်လ ၆ ရက်နေ့ နံနက် ၉ နာရီက ဆေးဝါးစက်ရုံ (အင်းစိန်) အစည်းအဝေးခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဆေးဝါးစက်ရုံ (အင်းစိန်) ၏စက်ရုံမှူး ဦးကိုကိုအောင်က အဖွင့်အမှာစကားပြောကြားပြီး ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူရှစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး ရိုးရိုးအောင်မြင်သူတို့အား ဒုတိယစက်ရုံမှူး (စီမံကိန်း) ဒေါက်တာအောင်ဇော်က ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ဆုရရှိသူကျောင်းသား၊ ကျောင်းသူများကိုယ်စား (၆) ဘာသာဂုဏ်ထူးရှင် မဆုသဥ္ဇာဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **မင်းထွဏ်း**

## ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကျင်းပ




စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို Dinning Hall တွင် ဇွန်လ ၂၂ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စက်ရုံမှူးက စက်ရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းမိသားစုများ၏ သား/သမီးများမှ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား/ကျောင်းသူများကို ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်မှာ ၂ နှစ်ရှိပြီဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း အုပ်ချုပ်ရေးဌာနမှ ဒေါ်မြင့်မြင့်မိုး (ထုတ်လုပ်ရေးကျွမ်းကျင်-၄) ၏ သမီးမှာ (၃) ဘာသာဂုဏ်ထူးရရှိခဲ့သဖြင့် ယခုကဲ့သို့ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်အားထားရသည့် လူကောင်း လူတော်များဖြစ်လာရေးအတွက် ပညာရေးသည်အဓိကကျကြောင်း၊ နောင်လာမည့်နှစ်များတွင်ဤကဲ့သို့ ထူးချွန်စွာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ကျောင်းသား/ကျောင်းသူများရှိပါကလည်း ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်တန်းတွင်သာမကပဲ စက်ရုံမှစေလွှတ်သော သင်တန်းများတွင်လည်း ထူးချွန်အဆင့်ဖြင့် အောင်မြင်သည့် ဝန်ထမ်းများကို ဂုဏ်ပြုမှတ်တမ်းတင် ထားရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ စက်ရုံရှိအရာထမ်း၊ အမှုထမ်း ၃၂၄ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးမြင့် (ကျွန်းလှ)**

## စက်ရုံဝန်ထမ်းသားသမီးများအား ဆုချီးမြှင့်



အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စက်ရုံဝန်ထမ်းသားသမီးများထဲမှ ဂုဏ်ထူးတစ်ဘာသာဖြင့် အောင်မြင်သူ ၁ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၅ ဦးတို့ကို ဆုချီးမြှင့်သည့် အခမ်းအနားအား ဇွန်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပြီး ခေတ္တစက်ရုံမှူးက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

## တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ဝန်ထမ်းသားသမီးများအား ဆုချီးမြှင့် ကျောင်းသား/ကျောင်းသူများအတွက် ဗလာစာအုပ်များထောက်ပံ့



၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုအောင်မြင်ခဲ့သော အမှတ် (၁၇) အကြီးစားစက်ရုံ (မလွန်) မှဝန်ထမ်းသားသမီး ကျောင်းသား/ကျောင်းသူများအား စက်ရုံငွေစုငွေချေးသမဝါယမအသင်းလီမိတက်မှ ဆုချီးမြှင့်ပွဲ အခမ်းအနားနှင့် ကျောင်းသား/ကျောင်းသူများကို ကျောင်းသုံးဗလာစာအုပ်ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန်လ ၂၈ ရက်နေ့၊ နေ့လယ် ၁ နာရီခွဲတွင် စက်ရုံစားသောက်ခန်းမတွင် ပြုလုပ်ခဲ့ရာ စက်ရုံမှူးနှင့်အရာထမ်းများ၊ ဌာန/အလုပ်ရုံတာဝန်ခံများနှင့် ကျောင်းသား/ ကျောင်းသူများတက်ရောက်ကြပြီး စက်ရုံမှူးနှင့်တာဝန်ရှိသူများက ဆုများနှင့် ကျောင်းသုံးဗလာစာအုပ်များကို ချီးမြှင့်ခဲ့ကြောင်းသိရသည်။ ❑

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

စာမျက်နှာ ၂ မှ-

ဆွေးနွေးခဲ့သည်။ နေ့လယ်ပိုင်းတွင် ဂူဂျာရက်ပြည်နယ်အစိုးရ၊ Energy & Petrochemicals Department မှ Chief Secretary Mr.Sujit Gulati နှင့်တွေ့ဆုံ၍ Solar Power Station တည်ဆောက်ရေးနှင့်ပတ်သက်ပြီး အိန္ဒိယနိုင်ငံမှ နည်းပညာအကူအညီနှင့်အကြံဉာဏ်များပေးရေး၊ ရင်းနှီးမြှုပ်နှံရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင်လ ၂ ရက်နေ့ ညပိုင်းတွင် စင်္ကာပူလေကြောင်းလိုင်းဖြင့် အိန္ဒိယနိုင်ငံ၊ အမ်ဒါဘတ်မြို့မှ စင်္ကာပူနိုင်ငံ၊ ချန်ဂီလေဆိပ်မှတစ်ဆင့် ပြန်လည်ထွက်ခွာခဲ့ရာ ဇူလိုင်လ ၃ ရက်နေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။

စာမျက်နှာ ၃ မှ-

ထောင်ပေးစေလိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အားထားရသည့် လူရည်ချွန်များဖြစ်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူး (၆) ဘာသာဖြင့်အောင်မြင်ခဲ့သည့်ကျောင်းသား/ ကျောင်းသူများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန်က (၅) ဘာသာဂုဏ်ထူးရရှိသူများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က (၄) ဘာသာ၊ (၃) ဘာသာ၊ (၂) ဘာသာ၊ (၁) ဘာသာ ဂုဏ်ထူးရရှိသူများကိုလည်းကောင်း အသီးသီးဂုဏ်ပြုဆုများချီးမြှင့်ကြပြီး ထူးချွန်ဆုရကျောင်းသား/ ကျောင်းသူများကိုယ်စား (၆) ဘာသာဂုဏ်ထူးရှင် မောင်ဟိန်းသန့်ဆွေမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စက်မှုဝန်ကြီးဌာနမှ ဝန်ထမ်းသား/ သမီး ၃၉၀ ဦးအောင်မြင်ခဲ့ပြီး၊ ၎င်းတို့အနက် (၆) ဘာသာဂုဏ်ထူးရှင် ၄ ဦး၊ (၅) ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ (၄) ဘာသာဂုဏ်ထူးရှင် ၉ ဦး၊ (၃) ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ (၂) ဘာသာဂုဏ်ထူးရှင် ၃၀ ဦး၊ (၁) ဘာသာဂုဏ်ထူးရှင် ၄၈ ဦး၊ စုစုပေါင်း ၁၁၁ ဦး ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သည်။**

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဝန်ထမ်းများ၊ ထူးချွန်ဆုရကျောင်းသား/ကျောင်းသူများနှင့် မိဘများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ ❑

## လာမည့်ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်ခွင့်ကို ပုံစံသစ်ဖြင့်လက်ခံမည်

လာမည့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ရန်ကုန်တက္ကသိုလ်နှင့် ဆေးတက္ကသိုလ်ဝင်ခွင့်ပုံစံသစ်များ ပြောင်းလဲကျင့်သုံးသွားရန် စီစဉ်နေကြောင်း သက်ဆိုင်ရာပါမောက္ခချုပ်များထံမှသိရသည်။ ယခု ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် သက်ဆိုင်ရာတက္ကသိုလ်များ၌ ကျောင်းသား/ ကျောင်းသူများ ဝင်ဆံ့နိုင်မှုနှင့် တက္ကသိုလ်ဝင်တန်း အောင်မှတ်အပေါ်မူတည်သည့် တက္ကသိုလ်ဝင်ခွင့်စနစ်ဖြင့်သာ သတ်မှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဖိုးကောင်းက 'Basic အမှတ်တော့ သတ်မှတ်ရမယ်။ အမှတ်နဲ့မဟုတ်ရင် လုပ်ရကိုင်ရခက်သွားမယ်။ ရန်ကုန်တက္ကသိုလ်တက်ချင်ရင် လာလျှောက်လို့ရတယ်။ အဲဒါကို လူတွေ့စစ်ဆေးတာလုပ်ဖို့ပေါ့။ မဆုံးဖြတ်ရသေးဘူး။ တက္ကသိုလ်အလိုက်လုပ်မှာပေါ့။ ရန်ကုန်တက္ကသိုလ်ဝင်ခွင့်အမှတ်မီရင် ဘယ်ကပဲလျှောက်လျှောက်ရပါတယ်။ တစ်ဘာသာကို ကျောင်းသားဦးရေ ၁၀၀၊ ၁၅၀ လောက်တော့ လက်ခံမယ်' ဟု ပြောကြားခဲ့သည်။

**လက်ရှိပညာသင်နှစ်တွင် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို အဆင့်မြင့်ပညာဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာတက္ကသိုလ်များကို လျှောက်ထားသည့်စနစ်ကို လာမည့်ပညာသင်နှစ်တွင် မိမိတက်လိုသည့် တက္ကသိုလ်တွင် တိုက်ရိုက်လျှောက်ထားသည့်စနစ်တစ်ခုကို ကျင့်သုံးရန် စီစဉ်နေခြင်း**လည်းဖြစ်ကြောင်း သိရသည်။

ရန်ကုန်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဇော်ဝေစိုးက 'နိုင်ငံတကာအဆင့် ဆေးပညာသင်ကြားရေးနဲ့ပတ်သက်ပြီး အရည်အချင်းသတ်မှတ်ချက်တွေရှိတယ်။ သတ်မှတ်ချက်တွေနဲ့အညီ ဖြစ်ဖို့ဆိုရင် ကျောင်းသားကို ရွေးချယ်တဲ့နေရာမှာ အမှတ်တစ်ခုတည်းနဲ့ ရွေးချယ်လို့မရပါဘူး။ နိုင်ငံတကာရွေးချယ်ရေးမူတွေနဲ့ ညီဖို့လိုတယ်။ အဲဒီလို တက္ကသိုလ်ဝင်ခွင့်စနစ်ကျင့်သုံးဖို့ ဆွေးနွေးနေပါတယ်။ ဒီလိုလုပ်ဖို့ တစ်နှစ်ကြိုကြေညာဖို့လိုပါတယ်။ အကြမ်းအားဖြင့် ဒီနှစ်ထဲမှာကြေညာပြီး နောက်နှစ်ထဲမှာ ကျင့်သုံးဖို့များပါတယ်။ **နောက်နှစ်ဆယ်တန်းအောင်တဲ့ သူတွေမှာတော့ ဆေးတက္ကသိုလ်တွေဟာ ဆယ်တန်းအမှတ်ကို ၈၀ ရာခိုင်နှုန်းလောက်ယူပြီးတော့ ကျန်တာ ၂၀ ရာခိုင်နှုန်းက အင်တာဗျူးလိုဟာမျိုးတွေနဲ့လုပ်မယ်။** ဒါမှလည်း ဒီကျောင်းသားဟာ ဆေးပညာကို စိတ်ဝင်စားလား၊ မဝင်စားဘူးလား ဆိုတာသိမယ်' ဟု ပြောကြားခဲ့သည်။

**မြင့်မြတ်အောင်မြင်**

## စုပေါင်းသစ်ပင်စိုက်ပျိုး

စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) ၏ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၂၃ ရက်နေ့၊ နံနက်ပိုင်းက စက်ရုံဧရိယာအတွင်းရှိ ကျောက်မီးသွေးစုပုံကွင်း၌ ပြုလုပ်ခဲ့သည်။

ကျောက်မီးသွေးမှ ထွက်ရှိသော ဆာလ်ဖာဒိုင်အောက်ဆိုက်များကို သန့်စင်ကောင်းမွန်သော လေကောင်းလေသန့်များရရှိရန် အတွက်လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်သည့်အနေဖြင့်လည်းကောင်း၊ မိုးရေတိုက်စားမှုကြောင့် မြေဆီလွှာပျက်သုဉ်းခြင်းမှ ကာကွယ်စေရန်အတွက်လည်းကောင်း နှစ်စဉ်သစ်ပင်စိုက်ပျိုးပွဲတော်ပြုလုပ်ပြီး စိုက်ပျိုးနေခြင်းဖြစ်ကြောင်း စက်ရုံမှူးကပြောကြားကာ ဝန်ထမ်းများနှင့်အတူ စုပေါင်းစိုက်ပျိုးခဲ့သည်။



ကျောက်မီးသွေးစုပုံကွင်း အတွင်းလမ်း၊ အပြင်ပတ်လမ်းတစ်လျှောက်တွင် ရေသင်းဝင်ပင်၊ မယ်ဇလီပင်၊ ထင်းရှူးပင်နှင့် ခါတော်မီပင် စုစုပေါင်း ၇၅၀ ပင်ကို စက်ရုံရှိအရာထမ်း၊ အမှုထမ်း ၄၀၅ ဦးဖြင့် စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**စိုးမြင့် (ကွန်းလှ)**

## အစားအသောက် ဘေးအန္တရာယ်ကင်းရေး ကြပ်မတ်မည်

လမ်းဘေးဈေးသည်များ အစားအသောက်များရောင်းချရာ၌ အစားအသောက်ဘေးအန္တရာယ်ကင်းစင်စေရေးကို နည်းလမ်းလေးသွယ်ဖြင့် ကြပ်မတ်ဆောင်ရွက်မည်ဖြစ်ကြောင်း အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွဋ် ကပြောကြားသည်။

'ရုတ်ခြည်းဝင်စစ်တာနဲ့ ပုံမှန်ဝင်ပြီးစစ်ဆေးတာပေါ့။ လိုက်နာလား၊ မလိုက်နာလားကြည့်ပြီး မလိုက်နာရင် ပညာပေး၊ ဆိုင်ဖဲဘိတ်စတဲ့ စီမံခန့်ခွဲမှုအရ အရေးယူတာတွေရှိမယ်။ ဘယ်လိုမှပြောလို့မရရင် ဆိုင်ပိတ်သိမ်းမယ်။ ဒါမှထပ်ပြီး အန္တရာယ်ဖြစ်လောက်အောင်ချိုးဖောက်ရင် အစားအသောက်ဥပဒေ၊ စည်ပင်သာယာဥပဒေတို့နှင့်အရေးယူမယ်' ဟု ၎င်းကဆိုသည်။

ဆွဲဆောင် သိမ်းသွင်းသောနည်း၊ အမှတ်တံဆိပ်ကပ်ပေးသောနည်း၊ အချင်းချင်းစည်းရုံးသောနည်း၊ တာဝန်ရှိသူများက ကွပ်ကဲကြပ်မတ်သောနည်းစသည့် နည်းလမ်းလေးသွယ်ဖြင့် ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

**စံမျိုးထက်**



## အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေး ဆွေးနွေး

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားစီးပွား




ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ရတနာပုံတယ်လီပို့တို့ပူးပေါင်း၍ ပြည်တွင်းရှိအသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးအတွက် ချိတ်ဆက်ထောက်ပံ့ပေးနိုင်ရန်နှင့် ပြည်တွင်းရှိ အသေးစားအလတ်စား စက်မှုကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက် အတွေ့အကြုံကောင်းများ ဖလှယ်နိုင်ရန်အတွက် Supporting & Networking for Myanmar SME Strengthening ဟောပြောပွဲကို ဇူလိုင်လ ၅ ရက်နေ့၊ နေ့လယ် ၁ နာရီက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၇၈ လမ်းနှင့်၃၄ လမ်းထောင့် ရတနာပုံစူပါစင်တာ စတုတ္ထထပ်ရှိ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး စက်မှုဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးအောင်စိုးရက Supply Chain တစ်ခုလုံးတွင်ပါဝင်သော အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအား ချိတ်ဆက်ထောက်ပံ့မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံလက်ဖက်အသင်း ဒုတိယဥက္ကဋ္ဌ ဦးသီဟကျော်၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းမှ ဦးအောင်အောင်၊ ပုဂ္ဂလိကစားသောက်ကုန်လုပ်ငန်းမှ ဒေါ်သက်စုဌေးနှင့် ဒေါ်သိင်္ဂီအောင်တို့က လက်တွေ့တီထွင်ထုတ်လုပ်မှု အခြေအနေများ၊ ကြုံတွေ့ရသည့်အခက်အခဲများ၊ အခွင့်အလမ်းများနှင့် ပြည်တွင်းကုန်ကြမ်းများအသုံးပြု၍ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနေမှုများအား စကားဝိုင်းဆွေးနွေးကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## ဆေးဝါးစက်ရုံ (အင်းစိန်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

ဆေးဝါးစက်ရုံ (အင်းစိန်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင်လ ၁၃ ရက်နေ့၊ နံနက် ၁၀ နာရီက စက်မှုဝန်ကြီးဌာန၊ ဆေးဝါးစက်ရုံ (အင်းစိန်) ရှိ အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ဆေးဝါးစက်ရုံ (အင်းစိန်) ငွေစုငွေချေးသမဝါယမအသင်းဥက္ကဋ္ဌ ဦးညွန့်နွယ်က အဖွင့်အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ်၊ သမဝါယမအသင်းဦးစီးဌာနမှ ဦးစီးမှူး နော်ခရစ္စတာဘဲလ်က အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အမှုဆောင်အဖွဲ့၏အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာတို့အား တာဝန်ရှိသူများက ဖတ်ကြားရှင်းလင်းတင်ပြ၍ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် ငွေစာရင်းရှင်းတမ်းတို့အား အသင်းသားများ၏ သဘောတူညီချက်ဖြင့် အတည်ပြုမှတ်တမ်းတင်ခဲ့သည်။

ဆက်လက်၍ စုဆောင်းငွေအများဆုံး အသင်းသားငါးဦးနှင့် ၂၀၁၆-၂၀၁၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော အသင်းသားဝန်ထမ်းသား/သမီးများအား အသင်းအမှုဆောင်တို့က ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့နောက် အသင်းလီမိတက်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးအား အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ဆေးဝါးစက်ရုံ (အင်းစိန်) ငွေစုငွေချေးသမဝါယမအသင်းကြီးကို

**မင်းထွဏ်း**

၁၉၇၀ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ၁၉၉၂ ခုနှစ်၊ သမဝါယမအက်ဥပဒေအရ ဆေးဝါးစက်ရုံ (အင်းစိန်) ငွေစုငွေချေးသမဝါယမအသင်းလီမိတက်အမည်ဖြင့် ဆက်လက်ရပ်တည်လျက်ရှိရာ (၃၁. ၃. ၂၀၁၇) ရက်နေ့အထိ အသင်းသားပေါင်း ၁,၄၇၀ ဦး၊ စုဆောင်းငွေပေါင်း ကျပ် ၅၂၅,၃၈၃,၈၀၀ စုဆောင်းထားနိုင်ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လစဉ်ထုတ်ချေးခဲ့သော ချေးငွေစုစုပေါင်းမှာ ကျပ် ၈၆,၂၉၂,၇၀၀ ရှိ၍ အင်းစိန်မြို့နယ်အတွင်းရှိ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်များတွင် အောင်မြင်မှုအရှိဆုံးအသင်းအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

## စက်မှုဝန်ကြီးဌာန ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အသင်းနှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

စက်မှုဝန်ကြီးဌာန ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အသင်းနှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင်လ ၄ ရက်နေ့၊ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ် (၃၀) ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

စက်မှုဝန်ကြီးဌာန ငွေစုငွေချေးသမဝါယမအသင်းတွင် ယနေ့အထိ အသင်းဝင်အင်အား ၁,၅၉၂ ဦးအထိ တိုးပွားလာပြီး၊ မတည်ရှယ်ယာငွေကျပ် ၃၁,၉၆၀,၀၀၀ နှင့် စုဆောင်းငွေပေါင်းကျပ် ၂၈၉,၉၃၅,၀၀၀ အထိ ရရှိထားပြီးဖြစ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် အသင်းသားများ၏ မတည်အမြတ်ရရှိငွေနှင့် အတိုးရရှိငွေ စုစုပေါင်းမှာ ကျပ် ၅၁,၉၅၈,၄၅၀ ဖြစ်ပြီး အဆိုပါငွေအား အသင်းသားများထံသို့ ထုတ်ပေးပြီးဖြစ်ကြောင်းသိရသည်။

အဆိုပါအသင်းအား ဝန်ထမ်းအသင်းသားများ၏ ဝင်ငွေတစ်စိတ်တစ်ပိုင်းကို စုဆောင်းစေခြင်းဖြင့် သင့်တင့်သော တိုးပွားမှုရရှိစေရေး၊ မျှတသောအတိုးနှုန်းဖြင့် ချေးငွေရရှိနိုင်ရေး၊ အသင်းသားအချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် သမဝါယမစိတ်ဓာတ် ပေါ်ပေါက်စေရေး စသောရည်ရွယ်ချက်များဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလတွင် အသင်းဝင် ၁,၄၆၆ ဦးဖြင့် စတင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။

## 'စက်မှုနှင့်အသက်မွေးပညာ ရွှေ့လျားသင်တန်း' အမှတ်စဉ် (၄၁) သင်တန်းဆင်း၊ အမှတ်စဉ် (၄၃) သင်တန်းဖွင့်လှစ်

ဇွန်လ ၅ ရက်နေ့က ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ လှိုင်သာယာမြို့နယ်၊ လှိုင်သာယာစက်မှုဇုန်၌ဖွင့်လှစ်ခဲ့သည့် စက်မှုနှင့်အသက်မွေးပညာရွှေ့လျားသင်တန်း အမှတ်စဉ် (၄၁) သင်တန်းဆင်းပွဲကို ဇွန်လ ၂၃ ရက်နေ့ကပြုလုပ်ခဲ့ပြီး စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောအောင်တက်ရောက်ပြီး ထူးချွန်ဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အလားတူ စက်မှုဝန်ကြီးဌာန၊ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) နှင့်မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင် 'စက်မှုနှင့်အသက်မွေးပညာရွှေ့လျားသင်တန်း' အမှတ်စဉ် (၄၃) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂၉ ရက်နေ့၊ နံနက် ၉ နာရီ၌ ကျင်းပပြုလုပ်ခဲ့ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စက်မှုလက်မှုနှင့်အလုပ်သမားလူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်နှင့် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်ဟန်တို့က သင်တန်းဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အမှတ် (၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) ကျောင်းအုပ်ကြီးနှင့်သင်တန်းကျောင်းမှ နည်းပြဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသားများနှင့် ၎င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ခဲ့ကြသည်။

အဆိုပါသင်တန်းအား ဇွန်လ ၂၉ ရက်နေ့မှ ဇူလိုင်လ ၁၃ ရက်နေ့အထိဖွင့်လှစ်၍ 'အခြေခံလျှပ်စစ်ပညာဘာသာရပ်' ကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား (၄၁) ဦး တက်ရောက်ကြကြောင်းသိရသည်။

# ကြေးပိဋကတ်တော် လှူဒါန်းနေပါသည်

ဝိဘင်္ဂမူလဋီကာကြေးပိဋကတ်တော် အလှူ့ရှင်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နေ



**ဦးအေးမောင် + ဒေါက်တာ ခင်စောမွန်**

**မိသားစု မှ**

ကြေးပြား (၁၀)ချပ်၊ တန်ဖိုး - ၂၆၀၀၀၀ ကျပ်နှင့်

ကြေးသေတ္တာတစ်လုံး တန်ဖိုး - ၁၅၀၀၀၀ကျပ်

စုစုပေါင်း တန်ဖိုး - ၄၁၀၀၀၀ကျပ်ကို

၁၀.၉.၂၀၁၆စနေနေ့တွင်

ကြေးပိဋကတ်ဦးဆောင်ဆရာတော်ထံ

လာရောက်လှူဒါန်းပါသည်။

ဆက်သွယ်လှူဒါန်းရာဌာန - မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာရွှေကျင်တိုက်ကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ (ရွှေကောင်းပေါ့ဒေါ်ရွှေ)၊ ကြားတောရရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁၅၄၈၈၀၅၊ ၀၉ ၅၁ ၉၅၂၀၆၊ ၀၉ ၄၉၃ ၁၆၂၁၃။

---

# စက်သုံးဆီတစ်ဂါလန် ကျပ် (၁၀၀) ကျော် ကျဆင်း

**မြို့သားလေး**

စက်သုံးဆီဈေးကွက်မှ ယခုတစ်လအတွင်း ပြည်တွင်းစက်သုံးဆီဈေးတစ်ဂါလန် ကျပ် (၁၀၀) ကျော် (၁ လီတာ) ၂၅ ကျပ် ကျဆင်းသွားကြောင်းသိရသည်။



ယင်းစက်သုံးဆီဈေးသည် နှစ်ဆန်းကတည်းက တည်ငြိမ်နေရာ မေလကုန်မှစ၍ ကျဆင်းလာခြင်းဖြစ်သည်ဟု ဈေးကွက်မှပြောသည်။ ပြီးခဲ့သည့် မေလကုန်ပိုင်းက ပြည်တွင်းစက်သုံးဆီဈေးကွက်တွင် အောက်တိန်း 92 တစ်ဂါလန် ၃,၁၅၀ ကျပ်၊ အောက်တိန်း 95 တစ်ဂါလန် ၃,၃၃၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃,၁၀၅ ကျပ်နှင့် အဆင့်မြင့်ဒီဇယ်တစ်ဂါလန် ၃,၁၉၅ ကျပ်ခန့်ရှိခဲ့ရာ ယခုနှစ်ဇွန်လကုန်တွင် ဖြစ်ပေါ်သောနှုန်းထားမှာ အောက်တိန်း 92 တစ်ဂါလန်လျှင် ၁၃၅ ကျပ်ခန့်နှင့် အခြားစက်သုံးဆီများမှာ ၁၁၃ ကျပ်ခန့်စီ ဈေးနှုန်းကျဆင်းခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ရေနံစိမ်းမှာလည်း ဈေးနှုန်းအကျဘက် ကျနေရာမိုးတွင်းကာလဖြစ်နေသည့်အတွက် ပြည်တွင်းဈေးနှုန်းအကျပိုင်း ရောက်နိုင်ကြောင်းကို APEX စက်သုံးဆီအရောင်းခွဲမန်နေဂျာ တစ်ယောက်က သုံးသပ်သည်။

ကမ္ဘာ့ရေနံစိမ်းဈေးသည် ဧပြီလအတွင်းက တစ်စည်လျှင် ဒေါ်လာ ၅၀ ခန့်ရှိခဲ့ပြီး ယခုဇွန်လကုန်ပိုင်းက ၄၅ ဒေါ်လာခန့်ရှိသည်။ ပြည်တွင်းစက်သုံးဆီဈေးကွက်တွင် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင် ၂,၀၀၀ ကျော် ဖွင့်လှစ်ရောင်းချနေကြောင်း သိရသည်။

---

# ဆယ့်ကိုးဇူလိုင် မမေ့နိုင်




❖ မြန်ဗမာ့ကို
ရန်ပြုသူအပေါင်းကိုလ
အောင်လံထူ စံနမူနာပြုပါလို့
ပြန်တူလို့ တွန်းလှန်ပါသည်
မျိုးချစ်ဇာနည် သာကီဖွားတို့ .....။

❖ ကျွန်စနစ်မှာဖြင့်
နှံ့နှစ်ရှာ ပြည်သူအများကိုလ
ဖေးကူကာ ကယ်သူများရယ်ကြောင့်
မနှေးတို့ပြည် လွတ်လပ်ရေးကိုဖြင့်
လမ်းစပေါ် လွင် .....။

❖ တို့အရှင်သခင်
ဇာနည်အပေါင်းရယ်က
အသက်အိုးအိမ် စည်းစိမ်မမက်ပါဘူ
တိုင်းပြည်အတွက် အသက်ပေးကာ
လမ်းတစ်ဝက်မှာ တက်ကျိုးရှာပေါ့ .....။

❖ ဗိုလ်ချုပ်နှင့်အပေါင်းပါ
အာဇာနည်များရယ်က
ဘဝင်ညှိုးစရာ ဇူလိုင်လမှာဖြင့်
ကြွေလွင့်ရှာ မသမာသူများရယ်ကြောင့်
လွမ်းမိုးလှိုင် ရွှေရင်ကျိုးပါလို့
ဆယ့်ကိုးဇူလိုင် မမေ့နိုင်တည်း .....။

ရွှေတိုင်လွင်

---

## စာမူနှင့်သတင်းများ ဖိတ်ခေါ်ပါသည်

စက်မှုအလင်းဂျာနယ်တွင် ထည့်သွင်းဖော်ပြနိုင်ရန်အတွက် နည်းပညာဆိုင်ရာဆောင်းပါးများ၊ ထုတ်လုပ်မှုလုပ်ငန်း အတွေ့အကြုံများ၊ နည်းပညာဆိုင်ရာ သတင်းများ၊ သုတ၊ ရသ၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဟာသစာမူများ၊ ကြော်ငြာများနှင့်စက်ရုံနယ်မြေအလိုက် သတင်းများ၊ သတင်းဓာတ်ပုံများကို ဂျာနယ်တိုက်သို့လည်းကောင်း၊ beaconofindustry@gmail.com သို့လည်းကောင်း ပေးပို့နိုင်ကြောင်းဖိတ်ခေါ် အပ်ပါသည်။ စာမူများပေးပို့ရာတွင် ကိုယ်တိုင်ရေး စာမူဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းဝန်ခံချက်နှင့်အတူ အမည်ရင်း၊ ကလောင်အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရန်ဖုန်းနှင့် လိပ်စာတို့ကို ဖော်ပြပေးပို့သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

စက်မှုအလင်းဂျာနယ်

---

## အကြံပြုချက်များ ပေးပို့နိုင်

စက်မှုအလင်းဂျာနယ်၏ အရည်အသွေးကောင်းမွန်ရေးအတွက် စာဖတ်သူများထံမှ အကြံပြုချက်များ တောင်းခံအပ်ပါသည်။

အကောင်းဆုံးအကြံပြုချက် (၃) ခုအား ရွေးချယ်၍ စက်မှုအလင်းဂျာနယ် ၁၂ လစာ အခမဲ့၊ ၉ လစာ အခမဲ့နှင့် ၆ လစာ အခမဲ့ချီးမြှင့်ပေးသွားမည်ဖြစ်ပါသည်။

အကြံပြုချက်များအား ဩဂုတ်လ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး စာတိုက်မှဖြစ်စေ၊ beaconofindustry@gmail.com သို့ဖြစ်စေ ပေးပို့နိုင်ပါသည်။

စက်မှုအလင်းဂျာနယ်

# "စကားအရာ ပြောကြရာဝယ်"



ရင်ငြိမ်းပန်း

မြန်မာမှုနယ်ပယ်တွင် စကားအရာ၌ ကျွမ်းကျင်လိမ္မာ၍ ထိရောက်မှုရှိစေရန် စကားပြောနည်းဆယ်မျိုး သတ်မှတ်ထား၏။ ထိုဆယ်မျိုးမှာ 'ရေကူးညာတင်၊ ကောက်ပင်ရိတ်လှီး၊ ရေစီးဖောင်ဆန်၊ အိုးတန်ဆန်ခပ်၊ ဆီပွတ်ကျည်ပွေ့၊ ဆင်ဝှေ့ရန်ရှောင်၊ တောင်သူယာခုတ်၊ ကြက်ဆုတ်ခွပ်ပစ်၊ ရေစစ်ကရား ရေသွားသည့်သွင်၊ ခက်တင်မောင်းနင်း၊ ဆိုခြင်းစကား ဤဆယ်ပါး' ဟူ၍ စာတိုမှတ်နိုင်၏။

**ရေကူးညာတင်ပြောနည်း။** မြစ်တစ်ဖက်မှအခြားတစ်ဖက်သို့ ကူးသည့်အခါ မြစ်ညာဖက်မှစ၍ကူးမှသာ လိုရာရောက်သကဲ့သို့ စကားပြောသည့်အခါတွင်လည်း လိုရာရောက်အောင် အထက်ကတင်ကူး၍ ပြောနည်းဖြစ်၏။

**ကောက်ပင်ရိတ်လှီးပြောနည်း။** စပါးရိတ်သည့်အခါ တစ်နိုင်စာ ကောက်ပင်အချို့ကို လက်တစ်ဖက်ဖြင့် ပိုင်ပိုင်နိုင်နိုင်ဆုပ်ကိုင်ပြီးမှ အခြားလက်တစ်ဖက်က တံစဉ်ဖြင့် ပင်ရင်းမှရိတ်ဖြတ်ရသလို စကားပြောသည့်အခါ၌လည်း တစ်ဖက်လူ၏စကားကို သိမ်းကျုံးဖမ်းယူပြီးမှ အခြေအမြစ်ကိုကိုင်၍ပြောနည်းဖြစ်၏။

**ရေစီးဖောင်ဆန်ပြောနည်း။** အညာဆန်ဖောင်ကြီးသည် လိုသမျှကိုတင်ဆောင်၍ ဖြည်းညင်းသာယာစွာဆန်သဖြင့် လိုရာခရီးရောက်သလိုစကားအရာတွင်လည်း ဥပမာ-ဥပမေယျတို့ဖြင့် ဖြည်းညင်းသာယာစွာ လိုရာရောက်အောင်ပြောခြင်းသည် ရေစီးဖောင်ဆန်ပြောနည်းမည်၏။

**အိုးတန်ဆန်ခပ်ပြောနည်း။** ထမင်းချက်ရာတွင် သူ့အိုးနှင့် သူ့ဆန်တန်ရုံအနေတော်ထည့်ချက်မှ နူးနပ်စွာစားသုံးရသကဲ့သို့ စကားကို မယုတ်မလွန်နှင့်လိုရာရောက်အောင် ပြောဆိုခြင်းကို ဆိုလို၏။

**ဆီပွတ်ကျည်ပွေ့ပြောနည်း။** ဆီဆုံထဲတွင် နှမ်း (သို့) မြေပဲထည့်၍ ကျည်ပွေ့ဖြင့်အထပ်ထပ်ပွတ်မှဆီထွက်သကဲ့သို့ ကိုယ့်စကားအောင်မြင်အောင် အထပ်ထပ်ပြောခြင်းသည် ဆီပွတ်ကျည်ပွေ့ပြောနည်းမည်၏။

**ဆင်ဝှေ့ရန်ရှောင်ပြောနည်း။** ဆင်ဝှေ့ရန်အလိုက်ခံရသည့်အခါ လွတ်ရာရှောင်ပြေးလျှင် လွတ်နိုင်သကဲ့သို့ စကားအရာတွင်လည်း ဘေးအန္တရာယ်ဖြစ်စေမည့်စကားကို ရှောင်လွှဲပြောဆိုခြင်းသည် ဆင်ဝှေ့ရန်ရှောင်ပြောနည်းမည်၏။

**တောင်သူယာခုတ်ပြောနည်း။** တောင်သူတို့သည် ယာခုတ်သည့်အခါ ရှေးဦးစွာ ချုံငယ်လေးများကို ဦးစွာရှင်းပြီးမှ အပင်ကြီးများကိုခုတ်လှဲကြသလို စကားအရာတွင်လည်း ဦးစွာ စကားငယ်များကိုပြောပြီးမှ စကားကြီးများကိုပြောခြင်းဖြင့် အနိုင်ယူနည်းဖြစ်၏။

**ကြက်ဆုတ်ခွပ်ပစ်ပြောနည်း။** ကြက်ခွပ်မည်ပြုသောအခါ နောက်ဆုတ်ဟန်ပြုပြီးမှ စီး၍တကယ်ခွပ်သကဲ့သို့ စကားအရာတွင်လည်း သူ့အလိုဦးစွာလိုက်လျောပြီးမှ စီးသာသောအခါ စီး၍ပြောခြင်းကိုဆိုလို၏။

**ရေစစ်ကရားပြောနည်း။** ရေစစ်ဓမ္မကရိုဏ်ကို ရေတွင်နှစ်၍ ရေပြည့်လျှင် အပေါက်ကိုလက်နှင့်ပိတ်ယူပါက ရေမထွက်နိုင်သကဲ့သို့ တစ်ဖက်လူ၏စကားပိတ်မိအောင် ပြောဆိုခြင်းဖြစ်၏။

**ခက်တင်မောင်းနင်းပြောနည်း။** သူ့စကားကို ဟုတ်၏လည်း မဆို၊ မဟုတ်၏လည်းမငြင်းဘဲ မတင်မကျပြောသောစကားသည် ခက်တင်မောင်းနင်းပြောနည်းမည်၏။

လူသည်စကားပြောသော သတ္တဝါတစ်မျိုးပင်ဖြစ်ရာ ရှေးလူကြီးသူမ၊ ရဟန်းပညာရှိ၊ လူပညာရှိတို့က စကားပြောနည်းဆယ်မျိုးသတ်မှတ်ထားခဲ့သော်လည်း မျက်မှောက်ကာလလူမှုအဝန်းအဝိုင်း၌ အမည်နာမ မသတ်မှတ်နိုင်လောက်အောင် စကားအသစ်အဆန်းများကို ဝေါဟာရမျိုးစုံဖြင့် ဖောဖောသီသီ သုံးနှုန်းပြောဆိုနေကြသည်ကို ကြားနာနေရပါလေ၏။

**'ချစ်စေလိုလျှင်လည်း ခံတွင်းလက်လေးသစ်၊ မုန်းစေလိုလျှင်လည်း ခံတွင်းလက်လေးသစ်'၊ 'နှုတ်ချို လျှို့တစ်ပါး'** ဟူသည့် ရှေးထုံးဆုံးမစကားများက နှုတ်ထွက်စကား၏အရေးပါမှုကို ဖော်ညွှန်းနေ၏။

မည်သို့ဆိုစေ စကားဖြင့် မိမိတို့လိုအင်ဆန္ဒများ အောင်မြင်ထိရောက်လိုပါလျှင် 'ရှေးထုံးလည်းမပယ်နှင့် ဈေးသုံးလည်းမကြွယ်နှင့်' ဆိုစကားအတိုင်း ဖော်ပြပါစကားပြောနည်းဆယ်မျိုးကိုတော့ အတုယူမှတ်သားလိုက်နာသင့်ပါ၏။ **'နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေ'** ဆုံးမစကားကိုလည်း အလေးထားသင့်ပါ၏။ ဒုစရိုက် ဝစီကံလေးပါးဖြစ်သည့် မုသာဝါဒ (လိမ်လည်ပြောဆိုခြင်း) ပိသုဏာဝါစာ (ချောပစ်ကုန်းတိုက်ခြင်း၊ ချစ်သူနှစ်ဦးကွဲသွားအောင် (သို့) မိမိအားချစ်လာအောင်ချစ်သူနှစ်ဦးကို ရန်တိုက်ပေးခြင်း)၊ ဖရုသဝါစာ (အယုတ်တမာဆဲဆိုခြင်း)၊ သမ္ဖပ္ပလာပ (ပိန်ဖျင်းသော၊ အနှစ်မရှိ၊ အဓိပ္ပါယ်မဲ့၊ မဟုတ်မမှန်ပြောခြင်း) တို့ကိုရှောင်ကြဉ်၍ အသက်ရှင်နေသရွေ့ စကားအရာပြောဆိုနေကြရဦးမည်ဖြစ်လေရာ နှုတ်ထွက်စကားနှင့် ပတ်သက်ပြီး ဗုဒ္ဓ၏အဆုံးအမတရားကို မျှဝေလိုက်ပါ၏။

**'ချစ်သားရာဟု**
**ပြောမည့်စကား**
**မပြောမီစဉ်းစား**
**စဉ်းစားပြီးပြော**
**ပြောပြီးစကား**
**ပြန်စဉ်းစား'။** ။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

**အကြံပေး**
ဒေါ်တင်တင်ထူး

**စာတည်းမှူးချုပ်**
ဦးကျော်လှိုင်

**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဦးဟိန်းမင်းဇော

**စာမျက်နှာအပြင်အဆင်**
ဒေါ်ခင်ငွေဝင်း၊ ဒေါ်ခင်သီတာမိုး

**ဖြန့်ချိရေးနှင့်ပြင်ပဆက်ဆံရေး**
ဦးအောင်ကြည်၊ ဦးမင်းထွဏ်းဦး

**ထုတ်ဝေသူ**
ဦးအောင်စိုးရ
ထုတ်ဝေခြင်းလုပ်ငန်း
အသိအမှတ်ပြုလက်မှတ်အမှတ် - ၀၀၅၀၁

**ပုံနှိပ်သူ/ပုံနှိပ်တိုက်**
ဦးမောင်မောင်လှ
ရွှေနိုင်ငံ (၀၀၂၉၆)
ရန်ကုန်မြို့
**စောင်ရေ ၃၆၇၀**

**ဂျာနယ်တိုက်လိပ်စာ**
ရုံးအမှတ် (၃၀)
စက်မှုဝန်ကြီးဌာန
နေပြည်တော်
ဖုန်း - ၀၆၇ - ၄၀၅၀၅၇
၀၁ - ၂၅၀၆၅၁

E-mail
**beaconofindustry@gmail.com**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# အုံးလွဲခြင်း (သို့) ပင်ပန်းလွန်းခြင်းရဲ့ သတိပေးချက်

ဒေါက်တာလွင်သန့်

**အုံးလွဲခြင်း**ကို လူတော်တော်များများဖြစ်ဖူးကြတယ်။ ရာသီဥတုအပြောင်းအလဲမှာ အုံးလွဲခြင်းဖြစ်တတ်တယ်။ အုံးလွဲခြင်းမကြာခဏဖြစ်ရင် ခန္ဓာကိုယ်လွန်လွန်ကဲကဲပင်ပန်းနေပြီလို့အချက်ပြတာပဲဖြစ်တယ်။ အမျိုးသားတွေမှာ ပိုပြီးဖြစ်တတ်တယ်။

ဆေးရုံတစ်ခုမှာ နေ့ညကြာရှည်ဂျူတီဝင်နေတဲ့ဆရာဝန်တစ်ဦး ထိုင်ရာကထလိုက်ရာ ဇက်ခိုင်ပြီးမလှုပ်နိုင်ဖြစ်သွားတယ်။ အုံးလွဲခြင်းဖြစ်ပြီး ဆယ့်ငါးရက်လောက်ကုသမှပျောက်တယ်။

**အုံးလွဲခြင်းဟာ** လည်တိုင်ရဲ့သွေးလှည့်ပတ်မှုညံ့ဖျင်းလို့ အောက်စီဂျင်ဓာတ်ချို့တဲ့လို့ဖြစ်ပေါ်စေတဲ့ ဇက်ခိုင်တဲ့ရောဂါလက္ခဏာဖြစ်တယ်။ ခေါင်းငုံ့အလုပ်လုပ်သူတွေ၊ ခေါင်းအုံးမြင့်မြင့်အုံးသူတွေ၊ ပင်ပန်းလွန်ကဲသူတွေ၊ ကာယလှုပ်ရှားမှုနည်းသူတွေမှာ ဖြစ်တတ်တယ်။ ရာသီဥတုပြောင်းလဲချိန်မှာ ပိုပြီးဖြစ်တတ်တယ်။ ဇက်ခိုင်အုံးလွဲပြီဆိုရင် ပင်ပန်းမှုလွန်ကဲပြီလို့ ဂရုပြုရမှာဖြစ်တယ်။

ဆေးရုံတစ်ခုက ဆရာဝန်တစ်ဦးဟာ သင့်လျော်တဲ့အနားယူမှုမရလို့ တစ်နေ့ညဘက်ထရပ်လိုက်တဲ့အခါ ရုတ်တရက်လည်တိုင်လှုပ်တာနဲ့ နာကျင်တာကိုခံစားရတယ်။ သာမန်အုံးလွဲသလိုလည်တိုင်ကို ဘယ်ညာမလှုပ်နိုင်တော့ပါ။ အထက်နဲ့အောက်ခေါင်းငုံ့၊ ခေါင်းမော့မရတော့ပါ။ တုပ်ကွေးရောဂါလည်း ခံစားနေရတယ်။ တုပ်ကွေးဦးစွာကုပြီးမှ ဇက်ခိုင်ခြင်းကုသခဲ့ရပါတယ်။

**ဇက်ခိုင်တဲ့ရောဂါ** ၃ ရက်အတွင်း မသက်သာဘဲ တစ်ပတ်၊ ဆယ်ရက်ကြာသွားလျှင် လည်ဆစ်ရိုးဖိနှိပ်မှုပြဿနာရှိလိမ့်မယ်လို့ သံသယဝင်သင့်တယ်။ ရောဂါရှင်အချို့ဟာ ကြာရှည်စွာဇက်နာခြင်းကို 'အုံးလွဲတယ်' လို့ ရိုးရိုးယူဆပြီး ဆက်လက်ကုသဖို့ ရှည်ရှည်ဝေးဝေးမတွေးတော့ပါ။

**ဇက်ခိုင်ခြင်းမူလမှာ** 'အုံးလွဲခြင်း' (သို့) အနားမရ ပင်ပန်းလွန်းခြင်းကြောင့်ဖြစ်တယ်ဆိုလျှင်၊ တုပ်ကွေးလည်းဖြစ်နေပြီဆိုလျှင် အလုပ်ကအနားယူသင့်တယ်။ ရေနွေး၊ ဆားရည်နွေးနဲ့ ပလုပ်ကျင်းပေးသင့်တယ်။ အအေးမခံသင့်ဘူး။ လေအေးစက်တပ်အခန်းမှာ ကြာရှည်မနေသင့်ဘူး။ ညနေဖက် ၁၅ မိနစ်မှ နာရီဝက်ကြာ အားကစား၊ အပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးလုပ်ပေးသင့်ပါတယ်။

**ဇက်ခိုင်အုံးလွဲခြင်း ကြိုတင်ကာကွယ်နည်း**မှာ ရာသီဥတုပြောင်းလဲချိန်မှာ လည်ပင်းနွေးထွေးအောင် လည်စည်းစည်းထားသင့်တယ်။ လည်တိုင်ညောင်းညာပြီးနာရင် အပူ၊ ရေနွေးအိတ်ကပ်ပေးသင့်တယ်။ မာတဲ့ခေါင်းအုံးကို ရွေးသင့်တယ်။ ပခုံးနဲ့လည်ပင်း တင်းမနေသင့်ပါ။

**ဇက်ခိုင်၊ အုံးလွဲခြင်းကို** နေထိုင်မှုအလေ့အထပြုပြင်ပြောင်းလဲခြင်းနည်းနဲ့ ပျောက်ကင်းနိုင်ပါတယ်။ ဇက်ခိုင်ခြင်းမှာ လည်ဆစ်ရိုးအနည်းငယ် နေရာလွဲနေခြင်းဖြစ်တယ်။ တကယ်လို့ နှိပ်နယ်လိုက်ရင် ပိုမိုဆိုးရွားတဲ့အကျိုးဆက်ဖြစ်နိုင်ပါတယ်။ ပခုံးနဲ့လည်တိုင်တင်းနေခြင်းက 'ဇက်ခိုင်ခြင်း' ဖြစ်စေတဲ့ အကြောင်းရင်းတစ်ခုဖြစ်တယ်။ အပင်ပန်းမလွန်စေဖို့ ဂရုစိုက်နိုင်ရင် အုံးလွဲခြင်းအန္တရာယ် လျှော့ချနိုင်ပါတယ်။

**ပခုံးနဲ့လည်ပင်း ဖြေလျှော့တဲ့နည်းလမ်း**ရှိပါတယ်။ (၁) ပထမအဆင့်မှာ ပခုံးနှစ်ဖက်အပြိုင်ထားရမယ်။ (၂) ဒုတိယအဆင့်မှာ လက်နှစ်ဖက်ရှေ့ကို (သို့) နောက်ကို ဆန့်ထွက်ရမယ်။ (၃) လက်ဖဝါးနဲ့စက်ဝိုင်းဆွဲသင့်တယ်။ (၄) စတုတ္ထအဆင့်မှာ လက်ညောင်းတဲ့အထိလုပ်ပြီးရင် ပခုံးကိုဖြေလျှော့သင့်ပါတယ်။

အုံးလွဲနာကျင်မှုဟာ အခြားအာရုံခံစားမှု၊ မနှစ်သက်မှုနဲ့တွဲ



ဖက်နေတတ်တယ်။ နာကျင်မှုကို ချိုမွှေးတဲ့ရနံ့နဲ့သက်သာမှုရစေတယ်။ ဥပမာ-စံပယ်ပန်းနံ့၊ နှင်းဆီပန်းနံ့တို့ဟာ နာကျင်မှုကို လျှော့စေတယ်။

**ပူနွေးတဲ့ရေမှာ လက်နဲ့ခြေထောက်**ကို စိမ်ထားခြင်း၊ အုံးလွဲတဲ့လည်ပင်းနေရာ ရေနွေးအိတ်ကပ်ခြင်းက အုံးလွဲခြင်းကို ပိုမိုမဆိုးရွားဘဲ သက်သာလာစေတယ်။ အအေးခန်းနဲ့အအေးရှောင်ရမယ်။

**တစ်ခါတစ်ရံ စိတ်ဖိစီးမှုတွေက** အုံးလွဲခြင်းကိုဖြစ်စေတယ်။ တစ်ပြိုင်နက် လူအများဖိစီးမှုဖြစ်စေခြင်း (ဥပမာ- မီးလောင်ခြင်း၊ ကားတိုက်ခြင်း၊ ရထားတိုက်ခြင်း၊ လေယာဉ်ပျက်ကျခြင်း၊ သင်္ဘောမှောက်ခြင်း) တို့မှာ ကျန်ရစ်သူတို့ စိတ်ဖိစီးမှု၊ ထိတ်လန့်မှု၊ နာကျင်မှုဖြစ်စေတယ်။ လူတစ်ဦးချင်းနဲ့အကျုံးဝင်တဲ့ စိတ်ဖိစီးခြင်း (ဥပမာ-ရာထူးအချခံရခြင်း၊ ပြင်းထန်တဲ့ဝေဒနာခံစားရခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးခြင်းမျိုး) ဖြစ်တယ်။ နေ့စဉ်ကြုံတွေ့နေရတဲ့စိတ်ဖိစီးမှု (ဥပမာ-နာရီပေါင်းများစွာ အလုပ်ဆင်းရတဲ့အခါ၊ အချိန်မလုံလောက်ခြင်း၊ နောက်ကျမှာစိုးရိမ်ပူပန်ခြင်း) တို့က အုံးလွဲခြင်းဖြစ်နိုင်တယ်။

**စိတ်ဖိစီးမှုအနည်းငယ်ရှိရင်** စိန်ခေါ်မှုတွေကို ဖြေရှင်းရာမှာအကျိုးရှိလှပေမယ့် ရေရှည်စိတ်ဖိစီးမှုရှိခဲ့ရင် မကောင်းဘူး။ စိတ်ဖိစီးမှုက အကြောင်းကြောင်းကြောင့်ဖြစ်နိုင်ပါတယ်။

အလုပ်ခွင်၊ ငွေရေးကြေးရေးပြဿနာ၊ စီးပွားရေးပြဿနာ၊ ပေါင်းသင်းဆက်ဆံရေး၊ ဆူညံသံ၊ အလုပ်နဲ့အိမ်ဝေးကွာလို့ ကား (သို့) ရထားနဲ့အသွားအလာလုပ်ရတာ၊ သတင်းအချက်အလက်များပြားလွန်းတာစတဲ့ အကြောင်းအချက်တွေက စိတ်ဖိစီးမှုရနိုင်ပါတယ်။ အိမ်အပြောင်းအရွှေ့၊ အလုပ်အပြောင်းအရွှေ့၊ မိသားစုဝင်တစ်ဦးဦးသေဆုံးမှု၊ စာကျက်ရမှု၊ စာမေးပွဲဖြေဆိုရမှု၊ ကျရှုံးမှုတို့ဖြစ်ပါတယ်။

**စိတ်ဖိစီးမှုကို အကောင်းမြင်ပြီး** တုံ့ပြန်သင့်တယ်။ အချို့က ရုပ်ပိုင်းရော၊ စိတ်ပိုင်းပါ အားအင်ကုန်ခမ်းသလိုဖြစ်ကာ စိတ်ဖိစီးမှုနဲ့ဆက်နွယ်နေတဲ့ အုံးလွဲခြင်း၊ နှလုံးသွေးကြောရောဂါ၊ သွေးတိုးရောဂါ၊ အစာခြေအင်္ဂါအဖွဲ့အစည်း မူမမှန်ခြင်း၊ ဓာတ်မတည့်ခြင်းနဲ့ အရေပြားရောဂါတွေလိုဖြစ်တတ်တယ်။ ကိုယ်ဖြစ်ချင်တာနဲ့ ကိုယ်ဖြစ်နေတာတခြားစီဖြစ်နေရင် ဘဝတစ်ခုလုံးစိတ်ဖိစီးမှုခံကြရတယ်။

**ရေရှည်စိတ်ဖိစီးမှုကို ကျော်လွှားဖို့**ဟာ ခက်ခဲရှုပ်ထွေးပေမယ့် စားသောက်မှုပုံစံကိုအာရုံစိုက်ပြီး ဂရုတစိုက်စားသောက်ခြင်းက လက္ခဏာသက်သာစေပါတယ်။ မှန်ကန်တဲ့အစားအစာရွေးချယ်စားသောက်ရမယ်။

**ပြုပြင်ဖန်တီးထားတဲ့ နံ့စားသီးနှံ၊** နံ့စားသီးနှံအခြေခံထားတဲ့ပေါင်မုန့်၊ ခေါက်ဆွဲခြောက်၊ ထမင်းကိုနေ့စဉ် ဟင်းသီးဟင်းရွက် ၅ မျိုး၊ သစ်သီးတစ်လုံး နေ့စဉ်စားသုံးသင့်ပါတယ်။ အသီးအရွက်များများစားရမယ်။ ဖျော်ရည်သောက်သင့်တယ်။ ရှောက်၊ သံပုရာ၊ လိမ္မော်သစ်သီး သဘာဝဖျော်ရည်ကပိုမိုကောင်းမွန်ပါတယ်။

**သစ်သီးတွေရဲ့ အခွံအောက်က** အသားနဲ့အခွံမှာပါတဲ့ (Flavonoia) က ဆဲလ်ပျက်စီးခြင်းဖြစ်ပေါ်စေတဲ့ ဖရီးရယ်ဒီကယ် (Free Radical) ခေါ် အောက်စီဂျင်မော်လီကျူးတွေကို တိုက်ဖျက်ပေးတယ်။ လက်ဖက်၊ ပန်းသီး၊ အစိမ်းရောင်ရှိ ပဲသီး၊ ဝိုင်အနီနဲ့ ကြက်သွန်နီတို့စားပေးသင့်တယ်။ ဖလေဗင်နွိုက်က သွေးကြောနံရံကို သန်စွမ်းစေတဲ့အတွက် စိတ်ဖိစီးမှုကြောင့်ဖြစ်ရတဲ့ နှလုံးရောဂါကို ကာကွယ်ပေးတယ်။

**ပြည့်ဝဆီအစား မပြည့်ဝဆီ** နှမ်းဆီ၊ မြေပဲဆီ၊ နေကြာဆီ၊ သံလွင်ဆီသုံးသင့်တယ်။ ကြက်အရေခွံ၊ ဥအမျိုးမျိုး၊ အဆီပါဝင်မှုလျှော့ထားတဲ့ နို့နဲ့နို့ထွက်ပစ္စည်း၊ ပရိုတင်းပြည့်ဝတဲ့ငါး၊ ငါးခြောက်၊ ပဲနီလေး၊ အခွံမာသီး စားသုံးသင့်တယ်။ ရေဆာရင် ရေသောက်သင့်ပြီး အချိုရည်၊ ဘီယာ၊ အရက်ရှောင်ရှားသင့်တယ်။

**အာဟာရတန်ဖိုးနည်းပါးတဲ့အစာ** အများအပြားစားသောက်တာဟာ စိတ်ဖိစီးမှုဖြစ်ပေါ်စေတဲ့ လူနေမှုပုံစံဖြစ်စေတယ်။ သဘာဝအစာကနေ ဗီတာမင်၊ သတ္တုဓာတ်၊ ရေဓာတ်ပါအောင်စားသုံးရင် 'အုံးလွဲခြင်း' ကင်းဝေးမယ်။

ဒေါက်တာလွင်သန့်

## အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ဝါဆိုသင်္ကန်းဆက်ကပ်



အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်) ၏ (၂၇) ကြိမ်မြောက် ဝန်ထမ်းမိသားစုများ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို စက်ရုံဓမ္မာရုံ၌ ဇူလိုင်လ ၆ ရက်နေ့ နံနက်တွင်ကျင်းပပြုလုပ်ခဲ့ပြီး ခေတ္တစက်ရုံမှူး ဦးဝင်းထွဋ်နှင့်အရာထမ်း၊ အမှုထမ်းတို့က ပင့်သံဃာ (၁၀) ပါးတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ကြသည်။

ဆက်လက်၍ သံဃာတော် (၁၀) ပါးအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

# မျက်စိအထူးကုဆေးရုံကြီးတွင် လူနာများပြားလာသည့်အတွက် နေရာအခက်အခဲဖြစ်နေ

**ဖူးပွင့်ခက်ဝေ**

ရန်ကုန်မြို့၊ နတ်မောက်လမ်းရှိ မျက်စိအထူးကုဆေးရုံကြီးတွင် လာရောက်ပြသသောလူနာတို့ များပြားလာသည့်အတွက် နေရာကျပ်တည်းမှု အခက်အခဲဖြစ်ပေါ်နေပြီး အဓိကအနေဖြင့် ပြင်ပလူနာဌာနနှင့်ခွဲစိတ်ခန်းများကို ချဲ့ထွင်ဖို့လိုအပ်နေကြောင်း ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာသက်သက်စိန်၏ပြောကြားချက်အရ သိရသည်။

ယခင်က လာရောက်ပြသသူတစ်လကို ရာဂဏန်းဝန်းကျင်သာရှိပြီး ယခုနောက်ပိုင်းတွင် တစ်လကို ထောင်ဂဏန်းဝန်းကျင်လောက်အထိရှိလာကြောင်းသိရသည်။ ယခုလက်ရှိ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးတွင် ဝန်ထမ်းဦးရေနှင့်စက်ပစ္စည်းများလုံလောက်မှုရှိသော်လည်း နေရာကျပ်တည်းမှု အခက်အခဲဖြစ်နေသောကြောင့်ချဲ့ထွင်ဖို့ သက်ဆိုင်ရာဝန်ကြီးဌာနကို တင်ပြထားကြောင်း ဆေးရုံအုပ်ကြီးက ဆက်လက်ပြောကြားသည်။

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး၏ ပါမောက္ခဌာနမှူး ဒေါက်တာတင်ဝင်းက 'သက်ဆိုင်ရာဝန်ကြီးဌာနကို နေရာချဲ့ထွင်ဖို့တင်ပြထားတယ်။ အခုနှစ်ထဲမှာ တင်ပြထားတာဖြစ်ပါတယ်။ ဆေးဝါးလိုအပ်ချက်ကလည်း နိုင်ငံတော်ကတင်ဒါစနစ်နဲ့ ဝယ်ယူပေးတဲ့အတွက် ပြည့်စုံပြီး ဆေးဝါးထပ်မံလိုအပ်တယ်ဆိုရင် ဆေးပဒေသာပင်အတွက် စုထားတဲ့ဘဏ်အတိုးကနေ ထုတ်ယူသုံးစွဲပါတယ်' ဟု ပြောကြားခဲ့သည်။

**အဆိုပါဆေးရုံကြီးတွင် မျက်စိကုသမှု၊ ခွဲစိတ်မှုများပြုလုပ်သူများ ပြားလာခြင်းသည် အခမဲ့ဆေးကုသစနစ်ကြောင့်ဖြစ်သလို ခေတ်မီစက်ကိရိယာများဖြင့် ကုသပေးနေခြင်းတို့ကြောင့်ဖြစ်ကြောင်း**သိရသည်။ ရန်ကုန်မျက်စိကုဆေးရုံကြီးတွင် လူနာများကို အခမဲ့ကုသပေးနေသော်လည်း အခြားလိုအပ်သည်များကိုလည်း လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။



ယင်းဆေးရုံကြီး၌ မျက်စိဝေဒနာနှင့်ပတ်သက်ပြီး ဆေးကုသမှုလာရောက်ခံယူသူများမှာ လက်ရှိတွင် ပိုမိုများပြားလာကာ တစ်နေ့ကိုမျက်စိလာရောက်စမ်းသပ်သူများ မျက်စိဝေဒနာလာရောက်ကုသသူ စုစုပေါင်း ၃၀၀ နီးပါးရှိကြောင်းသိရသည်။

# ကျန်းမာရေးအရ ပယင်းကျောက်များအဝယ်များလာ


**ဆွေဝင်းမောင်**

ပယင်းကျောက်များကို ကျန်းမာရေးအရ ဝတ်ဆင်သူများလာကြ၏။ ကချင်ပြည်နယ်၊ တနိုင်းမြို့မှထွက်ရှိသည့်ပယင်းကျောက်များ ရောင်းအားမြင့်တက်လာသည်။

ပယင်းမှာ လက်ဖက်စိမ်းအမျိုးအစား၊ ဒီဇယ်အမျိုးအစားစသည့် အရောင်အသွေးရှိရာ ဆွဲကြိုး၊ လက်ပတ်ကြိုး၊ လက်စွပ်နှင့်ဆွဲသီးမျိုးစုံရှိကာ ဆွဲကြိုးနှင့်လက်ပတ်များမှာ ရောင်းအားကောင်းသဖြင့် ပယင်းကျောက်အရိုင်းများကိုအရွယ်အစားအလိုက်သွေးပြီး ဒီဇိုင်းများပြုလုပ်ရောင်းချပေးလျက်ရှိသည်။

လက်ရှိ ပယင်းဈေးကွက်အတွင်း ဆွဲကြိုးတစ်ကုံးကျပ်တစ်သိန်းမှသုံးသိန်းအထိရှိပြီး လက်ပတ်ကြိုးတစ်ခုကို ကျပ်နှစ်သောင်းမှလေးသောင်း အထိရှိနေကြောင်းသိရကာ **ပယင်းသည် သွေးတိုးနှင့်ညောင်းညာကိုက်ခဲမှုများကို ပျောက်သည်** ဟူသော အယူအစွဲရှိထားကြသဖြင့် လူတော်တော်များများ စိတ်ဝင်စားနေကြကြောင်း ပယင်းဈေးကွက်မှ သိရသည်။

ယင်းကြောင့် တနိုင်းမြို့ထွက် ပယင်းများကို တရုတ်ပြည် ကျယ်ဂေါင်မြို့၊ ရွှေလီမြို့၊ မန္တလေးမြို့နှင့် ရန်ကုန်မြို့များအပြင် အခြားမြို့များမှ မှာယူမှုများနေကြောင်းသိရသည်။



# သွေးလှူဒါန်းခွင့်ရှိ/မရှိ အွန်လိုင်းမှတစ်ဆင့်သိနိုင်

**စံမျိုးထက်**

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာနနှင့်တခြားတိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ သက်ဆိုင်ရာသွေးလှူဌာနများ၌ သွေးလှူဒါန်းနိုင်ရန် ကနဦးသွားရောက်စုံစမ်းရန်မလိုအပ်ဘဲ သွေးလှူရှင် ဝက်ဘ်ဆိုက် **www.donatebloodmyanmar.org** တွင် ဝင်ရောက်ကြည့်ရှုကာ သွေးလှူဒါန်းခွင့်ရှိ/မရှိလေ့လာနိုင်ကြောင်း အမျိုးသားသွေးဌာန (ရန်ကုန်) မှ ဒေါက်တာသီတာအောင်ကပြောသည်။

အဆိုပါ ဝက်ဘ်ဆိုက်တွင် ဝင်ကြည့်ပါက သွေးလှူရှင်၏ သွေးအမျိုးအစားနှင့် သွေးပမာဏများ တွေ့ရှိနိုင်မည်ဖြစ်သည်။ လက်ရှိ သွေးလှူဘဏ်တွင်လည်း သွေးရှိမှုပမာဏနှင့် သွေးအမျိုးအစားအလိုက် လက်ကျန်ပမာဏအနည်းအများကို ကြည့်ရှုနိုင်မည်ဖြစ်ပြီး သွေးလှူရှင်များအနေဖြင့် Web Page တွင် သွေးလှူရှင်ရှိရမည့်အသက်၊ ကိုယ်အလေးချိန်၊ အရက်သေစာသောက်စားထားခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုရှိ/မရှိတို့ကို သိရှိခွင့်ရမည်ဖြစ်ကြောင်းသိရသည်။

# မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်း၏ အသင်းသားစုံညီ အထူးအစည်းအဝေးပွဲကျင်းပ

**မြင့်မြတ်အောင်မြင်**

မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်း၏ အသင်းသားစုံညီ အထူးအစည်းအဝေးပွဲကို ဇူလိုင်လ ၂ ရက်နေ့က ရန်ကုန်မြို့၊ တာမွေမြို့နယ်တွင်ရှိသော Sky Star ဟိုတယ်တွင် ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ အသင်းသားစုံညီအစည်းအဝေးကျင်းပခြင်းသည် ယခုဆိုလျှင် ဒုတိယအကြိမ်ရှိပြီဖြစ်ပြီး အသင်း၏ လက်ရှိလုပ်ဆောင်နေသော ကိစ္စရပ်များနှင့်ဆက်လက်လုပ်ဆောင်မည့် ကိစ္စရပ်များကို အသင်းသားများအချင်းချင်း အပြန်အလှန်ဆွေးနွေးကာ အကြံဉာဏ်များ ရယူဖို့ဖြစ်ကြောင်း သိရသည်။

**အနာဂတ်၏ ရန်ကုန်မြို့တော် သာယာလှပဖို့အတွက် ဆောက်လုပ်ရေးလုပ်ငန်းရှင်များနှင့် ကန်ထရိုက်တာများအပေါ်တွင် အများကြီးမူတည်ခြင်း**ကြောင့် အားလုံးဝိုင်းဝန်းကြိုးပမ်းကြဖို့လိုအပ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့သည်။

ရန်ကုန်မြို့၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် အသင်းဝင်များကို ပါဝင်ဆောင်ရွက်ခွင့်ပေးနေခြင်းကြောင့် နောက်ပိုင်းတွင်လည်း အသင်းအနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပြီး တတ်နိုင်သလောက် ပါဝင်ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်း၏ဥက္ကဋ္ဌ ဦးကျော်ဝင်းက ပြောကြားခဲ့သည်။

အသင်းအနေဖြင့်လည်း နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ၊ ပရောဂျက်အသစ်များတွင် ပါဝင်ဆောင်ရွက်နိုင်ဖို့အတွက် အများပိုင်ကုမ္ပဏီတစ်ခုကို အသင်း၏အမာခံအဖွဲ့များနှင့် ဖွဲ့စည်းထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများအသင်း၏ တွဲဖက်ပြန်ကြားရေးမှူး မနေခြည်မင်းလွင်ကပြောသည်။

**မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်း**ကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး **လက်ရှိအချိန်ဆိုလျှင် အသင်းသားပေါင်း ၈၀၀ ကျော်**ရှိကာ လုပ်ငန်းဆပ်ကော်မတီပေါင်း ၁၂ ခုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း သိရသည်။ ထို့နောက်ပိုင်းတွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အသင်းခွဲများ ထပ်မံဖွင့်လှစ်နိုင်ဖို့အတွက် အသင်းသားများဖိတ်ခေါ်မှု ပြုလုပ်နေကြောင်း သိရသည်။

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

## ဩဂုတ်လတွင် Yangon Water Bus တရားဝင်ဖွင့်လှစ်မည်

ရန်ကုန်တိုင်း ဒေသကြီးအတွင်း အသစ်ပြေးဆွဲပေးမည့် Yangon Water Bus ဖွင့်လှစ်မည့်ကာလကို ဩဂုတ်လသို့ ပြောင်းလဲဖွင့်လှစ်သွားမည်ဖြစ်ကြောင်း တင့်တင့်မြန်မာ ကုမ္ပဏီဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်ထံမှ



သိရသည်။

အဆိုပါ Yangon Water Bus စတင်ဖွင့်လှစ်ချိန်တွင် လှိုင်သာယာမှ ဗိုလ်တထောင်သို့ Water Bus အစီးရေ ၁၆ စင်းဖြင့် ပြေးဆွဲနိုင်ရန်စီစဉ်ထားပြီး လုပ်ငန်းများအားလုံးဆောင်ရွက်ပြီးပါက မြစ်ကြောင်းသုံးခုတွင် ဆက်တိုက်ပြေးဆွဲသွားမည်ဖြစ်ကြောင်းသိရသည်။

Yangon Water Bus များကို ဩစတြေးလျနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ နဝရတ်ဒေါက်ကျင်းတို့တွင် တာဝန်ယူဆောက်လုပ်ပေးနေခြင်းဖြစ်ပြီး ဆိပ်ကမ်းနှစ်ခုဆောက်လုပ်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ ယင်းဆိပ်ကမ်းနှစ်ခုမှာ ဘုရင့်နောင်နှင့် FMI ဆိပ်ကမ်းတို့ဖြစ်ကာ စီးနင်းမှုများပြားသည့်အပေါ် မူတည်၍ အရန်သင်္ဘောများကိုလည်း ထားရှိမည်ဖြစ်ကြောင်းသိရသည်။

Yangon Water Bus စီးနင်းခကို ခရီးစဉ်အစအဆုံး ငွေကျပ် ၅၀၀ ဖြစ်ကာ ခရီးတိုဖြစ်ပါက ငွေကျပ် ၃၀၀ ကျသင့်မည်ဖြစ်ပြီး ရန်ကုန်မြစ်ကြောင်းအတွင်းပြေးဆွဲမည့် Water Bus များကို စံချိန်စံညွှန်းများနှင့် အညီစစ်ဆေးပြီး စံနှုန်းမပြည့်မီပါက ပြေးဆွဲခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ကနဦးအနေဖြင့် Yangon Water Bus ၁၆ စင်းမှ ၁၈ စင်းဖြင့် စတင်ပြေးဆွဲမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် ဆိပ်ကမ်းများ တိုးချဲ့တည်ဆောက်ရမည်ဖြစ်သည့် အတွက် ကျန်ခရီးစဉ်များကိုတိုးချဲ့ရန် သုံးလမှခြောက်လအထိ အချိန်ယူလုပ်ဆောင်ရဦးမည်ဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

## Taxi ယာဉ်များ လိုင်စင်သက်တမ်း (၂) နှစ်ပြည့်မှအပ်နှံခွင့်ပြုခြင်းသည် စလစ်ဈေးကွက် ထိန်းချုပ်ရန်ဖြစ်

Taxi ယာဉ်များအားလုံးကို လုပ်ငန်းလိုင်စင်သက်တမ်း (၂) နှစ်





ပြည့်မှ အပ်နှံခွင့်ပြုခြင်းက လုပ်ငန်းလိုင်စင်တစ်ခုအတွက် အချိန်တစ်ခုသတ်မှတ်လိုက်ခြင်းဖြစ်ပြီး ကားစလစ်ဈေးကွက်ထိန်းချုပ်ဖို့ဖြစ်ကြောင်း ရန်ကုန်တောင်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ရွှေထံက သိရသည်။ ရန်ကုန်တောင်ပိုင်းခရိုင်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ရွှေက 'ချက်ချင်းလျှောက် လုပ်ငန်းလိုင်စင်တစ်ခုအတွက် ၂၀၁၇ ခုနှစ် ဇွန်လမှ စတင်ကာ Taxi လုပ်ငန်းလိုင်စင်သက်တမ်းကာလ ၂ နှစ်ရှိမှ ယာဉ်အပ်နှံခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ အခုလိုပြောင်းလဲသတ်မှတ်တာဟာ သတ်မှတ်တဲ့အချိန်ကာလအထိ သယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အထောက်အကူပြုနိုင်ဖို့လည်း ရည်ရွယ်ထားပါတယ်' ဟုပြောကြားခဲ့သည်။

ယခင်က Taxi စလစ်ဈေးများက ကျပ် ၉၃ သိန်းကနေ ၉၅ သိန်းအထိရှိခဲ့ကြောင်းနှင့် လက်ရှိဈေးကွက်အတွင်း၌ ပေါက်ဈေးအနေနှင့် ကျပ်သိန်း ၁၁၀ အထိရှိလာကြောင်း သိရသည်။ ယခုလိုပြောင်းလဲသတ်မှတ်လိုက်ခြင်းကြောင့် Taxi ယာဉ်တို့မှာ ဈေးများတက်နေပြီး အရောင်းအဝယ် သိသိသာသာအေးသွားခဲ့ကြောင်း ကားအရောင်းအဝယ်ပြုလုပ်နေသူအချို့ထံက သိရသည်။

လက်ရှိရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် Taxi လိုင်စင်မှတ်ပုံတင်ထားသောယာဉ်ပေါင်း ၆၆,၀၀၀ နီးပါးရှိကြောင်းသိရသည်။ ၂၀၁၂ ခုနှစ် ဇွန်လပိုင်းမှစတင်ကာ အိမ်ငှားဟောင်းနွမ်းနေသည့် Taxi ယာဉ်များအားလုံးအပ်နှံမှုကို အငှားမှတ်ပုံတင်ရှိပြီး ထုတ်လုပ်သည့်နှစ် ၂၀ ကျော်သောကားများကို ဆက်လက်မောင်းနှင်လိုသောဆန္ဒမရှိလျှင် အပ်နှံခွင့်ပေးခဲ့ပြီး တစ်ပတ်ရစ်ကားတင်သွင်းခွင့်ပါမစ်တစ်စောင် ထုတ်ပေးခဲ့ကြောင်းသိရသည်။

**ထုတ်လုပ်သက်တမ်း နှစ် ၂၀ ကျော်ရမည့်အပြင် Taxi ယာဉ်အဖြစ် မှတ်ပုံတင်ကာ လုပ်ငန်းလိုင်စင်သက်တမ်း ၂ နှစ်ရှိခဲ့သော Taxi ယာဉ်များသာ အပ်နှံခွင့်ပြုထား**ကြောင်းသိရသည်။

**မြင့်မြတ်အောင်မြင်**

## ၁၉၉၅ မော်ဒယ်အောက်ကားများ CNG ထုတ်ယူခွင့် ဇူလိုင်လ ၁ ရက်နေ့မှ စတင်ရပ်ဆိုင်း

အများပိုင် YBS မော်တော်ယာဉ်လိုင်းအားလုံးမှ ၁၉၉၅ ခုနှစ် မော်ဒယ်အောက်ကားများအတွက် CNG ထုတ်ယူခွင့်ကို ဇူလိုင်လ ၁ ရက်နေ့မှ စတင်၍ တိုင်းဒေသကြီးအစိုးရက ရပ်ဆိုင်းလိုက်ပြီဖြစ်ကြောင်း သိရသည်။


ထို့ကြောင့် လစ်လပ်သွားသည့် ၁၉၉၅ ခုနှစ်မော်ဒယ်အောက် ကားများနေရာတွင် ယာဉ်လိုင်းအချင်းချင်းမှ အခြားယာဉ်များက အစားထိုးပြေးဆွဲပေးဖို့ စီစဉ်ထားကြောင်း YRTA အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အများပိုင် YBS ယာဉ်လိုင်းများတွင်ပြေးဆွဲဖို့ ကားအသစ်အစီးရေ ၁,၀၀၀ ကိုမှာယူထားပြီး ပြင်ဆင်မှုများပြုလုပ်ပေးနေကြောင်းသိရသည်။

အဆိုပါကားများကို လစ်လပ်သွားသော ၁၉၉၅ ခုနှစ်မော်ဒယ်အောက်ကားများနေရာတွင် အစားထိုးပြေးဆွဲဖို့စီစဉ်ထားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က လိုအပ်ချက်များလုပ်ဆောင်ဖို့ အနည်းငယ်ကျန်သေးသောကြောင့် အချိန်မီမပြေးဆွဲနိုင်သေးခြင်းဖြစ်ကြောင်းသိရသည်။

ဇွန်လဆန်းပိုင်းက တရုတ်နိုင်ငံမှဝယ်ယူထားသော ကားအသစ်များကို ယခုဇူလိုင်လဆန်းပိုင်းမှလစ်လပ်သွားသောနေရာတွင် အစားထိုးပါဝင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ဒေါက်တာမောင်အောင်ထံက သိရသည်။ **မြင့်မြတ်အောင်မြင်**







## YBS အတွက် ကားသစ်များရောင်းချဖို့ အိန္ဒိယကုမ္ပဏီက လာရောက်ကမ်းလှမ်း

ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပိုင် **YBS အတွက် ကားသစ်များလဲလှယ်နိုင်ဖို့ အိန္ဒိယနိုင်ငံက ကုမ္ပဏီတစ်ခုနှင့် ဆွေးနွေးနေပြီး** ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) ကို တင်ပြထားကြောင်း၊ YBS အမှတ် (၆) ယာဉ်လိုင်းကို တာဝန်ယူပြေးဆွဲနေသော အမြင့်မြတ်ဆုံးအင်အား သယ်ယူပို့ဆောင်ရေးအုပ်စု အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် တာဝန်ရှိသူက ဆိုသည်။

**အိန္ဒိယနိုင်ငံထုတ် ဘယ်မောင်းကားသစ်များ**ကို ၅ နှစ် အရစ်ကျစနစ်ဖြင့် ရောင်းချပေးဖို့လာရောက်ကမ်းလှမ်းဆွေးနွေးခြင်းဖြစ်ပြီး တစ်စီးကိုအမေရိကန်ဒေါ်လာ ၂၈,၀၀၀ နှင့် ရောင်းချပေးမည်ဟု အိန္ဒိယကုမ္ပဏီဘက်ကပြောကြားခဲ့ကြောင်း ကုမ္ပဏီတာဝန်ရှိသူ ဦးခင်မောင်ဝင်းက ပြောကြားခဲ့သည်။

အဆိုပါကားသည် **အင်ဂျင်ပါဝါတစ်သောင်းကျော်ရှိပြီး ၄၈ ယောက်စီး** ကားများဖြစ်ကြောင်းသိရသည်။ လက်ရှိ အမြင့်မြတ်ဆုံးအင်အား သယ်ယူပို့ဆောင်ရေးအုပ်စု အများနှင့်သက်ဆိုင်သောကုမ္ပဏီအနေဖြင့် YBS အမှတ် (၆) ယာဉ်လိုင်းကို တာဝန်ယူပြေးဆွဲနေပြီး ယာဉ်အစီးရေ ၁၀၀ ဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

**အောင်ပိုင်မျိုး**




## မော်တော်ယာဉ်အချက်ပြမီးများ တစ်နိုင်ငံလုံး ပြောင်းလဲကျင့်သုံးရမည်

မြန်မာနိုင်ငံအတွင်းမောင်းနှင်သွားလာနေသော မော်တော်ယာဉ်များအနေဖြင့် သတ်မှတ်အချက်ပြမီးများတစ်ပြိုင်နက်တည်း စတင်ပြောင်းလဲကျင့်သုံးရမည်ဖြစ်ကြောင်း အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကော်မတီမှ သိရသည်။

ယာဉ်ကျော်တက်ရန် အချက်ပြမှုအမှန်ကျင့်သုံးနိုင်စေရေးအတွက် **တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် စက်တင်ဘာလ ၁ ရက်နေ့၊ နံနက် ၆ နာရီမှစ၍ မြို့တွင်းလမ်း၊ မြို့ပြင်လမ်း၊ အဝေးပြေးလမ်း၊ အမြန်လမ်းများအားလုံး၌ တစ်ပြိုင်နက်တည်း တစ်ချိန်တည်းပြောင်းလဲကျင့်သုံးရမည်**ဖြစ်သည်။

**မော်တော်ယာဉ်များ ကျော်တက်ရာတွင် ရှေ့ယာဉ်များသည် နောက်မှကျော်တက်မည့်ယာဉ်ကို ကျော်တက်ရန် ယာဉ်၏လက်ယာဘက်မီးနှင့် အချက်ပြခြင်းသည် အမှန်ဖြစ်သော်လည်း ယာဉ်မောင်းနှင်သူအများစုသည်ယာဉ်များ၏လက်ဝဲဘက်မီးနှင့် အချက်ပြနေမှုများကို လွဲမှားစွာကျင့်သုံးနေ**ကြသည်။

မော်တော်ယာဉ် နည်းဥပဒေအရ မော်တော်ယာဉ်တွင် တပ်ဆင်ထားသောမီးများနှင့် မော်တော်ယာဉ်ကျော်တက်နိုင်ကြောင်းကို **ယာဉ်၏လက်ယာဘက်မီးဖြင့်သာ အချက်ပြရန်** သတ်မှတ်ပြဋ္ဌာန်းထားသည်။

**ဟိန်းသူ**

## YBS အမှတ် (၂၉) ယာဉ်လိုင်းကို ပိုက်ဆံပုံးစနစ်ဖြင့် ပြောင်းလဲပြေးဆွဲ

**မြင့်မြတ်အောင်မြင်**

ရန်ကုန်မြို့အတွင်း ဆူးလေ-တောင်ဥက္ကလာပ-ဒဂုံတက္ကသိုလ် အထိပြေးဆွဲနေသော YBS အမှတ် (၂၉) ယာဉ်လိုင်းကို စပယ်ယာမပါဘဲ ပိုက်ဆံပုံးစနစ်ဖြင့် ဇူလိုင်လ ၁ ရက်နေ့မှ စတင်ကာပြောင်းလဲပြေးဆွဲနေပြီဖြစ်ကြောင်းသိရသည်။

ခရီးသည်များ အဆင်ပြေစေဖို့ ယာဉ်ပိုင်ရှင်များနှင့်ညှိနှိုင်းပြီး စနစ်ပြောင်းလဲပေးလိုက်ခြင်းဖြစ်ကြောင်း ရန်ကုန်မြို့ပြအများပြည်သူသယ်ယူပို့ဆောင်ရေး ကုမ္ပဏီလီမိတက် (YUPT) ကုမ္ပဏီ တာဝန်ရှိသူထံက သိရသည်။

လက်ရှိ YBS အမှတ် (၂၉) ယာဉ်လိုင်းတွင် ယာဉ်အစီးရေ ၈၀ ကျော်ရှိပြီး၊ ယခင်ကလိုက်ခဲ့သော စပယ်ယာများကို ကုမ္ပဏီ၏ငွေရေးသောလုပ်ငန်းများတွင် ပြန်လည်ခန့်အပ်သွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီတာဝန်ရှိသူက ဆိုသည်။

(YUPT) ကုမ္ပဏီအနေဖြင့် ဆူးလေနှင့်မြို့ပြင်ချိတ်ဆက်ပြေးဆွဲသော YBS အမှတ် (၂၉)၊ YBS အမှတ် (၃၆)၊ YBS အမှတ် (၂၈)၊ YBS အမှတ် (၇)၊ YBS အမှတ် (၄) နှင့် YBS အမှတ် (၆၅) ယာဉ်လိုင်းများအပါအဝင် ယာဉ်လိုင်းပေါင်း ၂၀ ကို တာဝန်ယူပြေးဆွဲနေခြင်းဖြစ်ကြောင်း သိရသည်။




## မော်တော်ယာဉ်ခြေရာခံခြင်းနှင့် ဆီအသုံးပြုမှုကို အလိုအလျောက်တွက်ချက်ပေးသောစနစ် အသုံးပြုနိုင်

အချိန်နှင့်တစ်ပြေးညီ မော်တော်ယာဉ်ခြေရာခံစနစ်နှင့် ဆီအသုံးပြုမှုစောင့်ကြည့်စစ်ဆေးသည့်စနစ် (gTrack) သည် GPS Network ကို အသုံးပြု၍ လူ၊ မော်တော်ယာဉ်နှင့် ယန္တရားများအား အချိန်နှင့်တစ်ပြေးညီ ခြေရာခံလိုက်နိုင်ပြီး၊ စီမံခန့်ခွဲမှုပြုလုပ်နိုင်သော စနစ်တစ်ခုဖြစ်သည်။

gTrack စနစ်အား မိမိတို့၏ ယာဉ်များ၊ ယန္တရားများပေါ်တွင် တပ်ဆင်ထားခြင်းဖြင့် တခြားမည်သည့် Software များ၊ မြေပုံများ၊ တခြားအပိုစက်ပစ္စည်းများတပ်ဆင်စရာမလို၊ Main Device တစ်ခုတပ်ဆင်ထားခြင်းအားဖြင့် ယာဉ်နှင့်ယာဉ်မောင်းများအား အပြန်အလှန်စကားပြောနိုင်ခြင်း၊ အချိန်နှင့်တစ်ပြေးညီခြေရာခံလိုက်နိုင်ခြင်းနှင့် ဆီအသုံးပြုမှုများကို ပြန်လည်တွက်ချက်ရန်မလိုအပ်ဘဲ gTrack စနစ်မှ အလိုအလျောက်တွက်ချက်ပေးသောစနစ်ဖြစ်သည်။

**gTrack စနစ်အား တပ်ဆင်အသုံးပြုထားခြင်းဖြင့် မြန်မာနိုင်ငံအတွင်း မည်သည့်နေရာတွင်မဆို သွားလာလှုပ်ရှားနေသောလူ၊ မော်တော်ယာဉ်များ၊ ယန္တရားများအား မြို့နယ်၊ ရပ်ကွက်နှင့်လမ်းများအားအသေးစိတ် တွေ့မြင်နိုင်သော မြေပုံနှင့်တကွ မည်သည့်နေရာရောက်နေသည်၊ မည်သည့်နေရာတွင် ဘယ်လောက်ကြာကြာ ရပ်နေသည်၊ မည်သည့်အချိန် ထွက်သည်၊ မည်သည့်လမ်းက သွားသည်၊ အမြန်နှုန်းမည်မျှနှင့်မောင်းနေသည် အစရှိသည်တို့ကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ပြီး မော်တော်ယာဉ်များ၏ သွားလာလှုပ်ရှားမှု မှတ်တမ်းများကို (၆) လနှင့်အထက် (History Play Back) ပြန်လည်ကြည့်ရှုနိုင်ခြင်းနှင့် သိမ်းဆည်းထားနိုင်ခြင်း၊ လမ်းကြောင်းနှင့်သက်ဆိုင်သော ဓာတ်ပုံမှတ်တမ်းများ၊ ကီလိုမီတာ၊ ဆီအသုံးပြုမှု၊ ဆီစားနှုန်း၊ ထည့်သည့်ဆီပမာဏစသည့် Report မှတ်တမ်းများကို ပြန်လည်ထုတ်ယူနိုင်**မည်ဖြစ်ကြောင်းသိရသည်။

တပ်ဆင်အသုံးပြုလိုပါက gTrack ဖုန်း-၀၉-၂၆၅၇၅၆၇၈၈၊ ၀၉-၇၉၄၃၉၃၆၃၉၊ ၀၉-၅၄၀၆၇၂၀ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း သတင်းရရှိသည်။

**KMC**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# လုံခြုံရေး – – – အရေးကြီးသည်



'ပါသွားပြီ . . . ပါသွားပြီ. . . တောက်'

မနက်စောစော အောက်ထပ်ဆီမှလွင့်ပျံ့လာသော ဆူဆူညံညံအသံများကြောင့် မီးဖိုခန်းတွင်ချက်ပြုတ်နေရာမှ ခဏရပ်ကာ အောက်ထပ်သို့စနည်းနာရန် ကျွန်မဆင်းလာခဲ့သည်။

'ဇက်သော့လည်း ခတ်ထားတယ်။ သံကြိုးလည်း ချည်ထားတယ်။ ဒါတောင်ရအောင် ခိုးတယ်။ မအေ. . . နှမ. . . သူခိုး'

အောက်ထပ် လူအများကြားတွင် ဒေါသတကြီးဖြစ်နေသူက မောင်မျိုး။

မောင်မျိုးဆိုသူက ကျွန်မတို့ရုံးကအကြီးတန်းစာရေး။ ဧကန္တမောင်မျိုးဆိုင်ကယ် သူခိုးနောက်ပါသွားပြီထင်ပါရဲ့။

'မရှိမဲ့ရှိမဲ့ငွေလေးနဲ့ ဝယ်ထားတာ. . . သွားပါပြီ။ မောင်မင်းကြီးသား သက်ရှည်ကျန်းမာပါစေတော်' ဟုအငေါ်တူးနေသူက မောင်မျိုး၏ ယောက္ခမကြီး ဒေါ်ကြီးမြ။

'ရုံးဘာနဲ့သွားမလဲ၊ ကလေးတွေလည်း ကျောင်းပို့ရဦးမယ်။ ဒုက္ခပါပဲ' ဟုညည်းတွားနေသူက မောင်မျိုး၏ ဇနီး မသင်း။

'တော်ပါသေးရဲ့ ကျန်တဲ့ဆိုင်ကယ်တွေပါ မ,မသွားလို့' ဆိုသူက တိုက်တာဝန်ခံ ဦးမောင်မြင့်။ ပြီးခဲ့တဲ့လကမှ ဆယ်တန်းအောင်တဲ့သူ့သားအတွက် ဝယ်ပေးထားတဲ့ဆိုင်ကယ်လေးက တိုက်လှေကားထောင့်မှာ သံကြိုးအထပ်ထပ်နဲ့ ဣန္ဒြေရရ။

'ဒီကောင်လည်း လွယ်လွယ်လုပ်လို့ရမယ့်ဘီးမို့လို့ ရွေးလုပ်သွားတာဖြစ်မယ်'

'ဒီကောင်တွေ များနေပြီ။ ဟိုတလောကပဲ ဟိုဘက်ခြမ်းကတိုက်တွေက နှစ်စီးမသွားတယ်'

'ရဲတွေကလည်း ဘာတွေလုံခြုံရေးလုပ်နေတာလည်း မသိပါဘူး'

မောင်မျိုး၏ဆိုင်ကယ်ပျောက်မှုနှင့်အတူ တစ်တိုက်တည်းအတူနေဝန်ထမ်းမိသားစုများက တစ်ယောက်တစ်မျိုး ထင်ကြေးပေးနေကြလေ၏။

'ကဲမောင်မျိုးရေ ဘာပဲဖြစ်ဖြစ်လျှုတယ်လို့ သဘောထားလိုက်။ ခဏနေ ရဲစခန်းမှာ အမှုသွားဖွင့်ကြတာပေါ့'။

တိုက်တာဝန်ခံက မောင်မျိုးကို နှစ်သိမ့်စကားဆို၏။

× × ×

ကျွန်မရုံးရောက်တော့ မောင်မျိုးဆိုင်ကယ်ပျောက်သွားကြောင်း သတင်းစကားဖြန့်လိုက်၏။

'ဟင် ပါသွားပြန်ပြီလား။ ခဏခဏဖြစ်နေတော့တာပဲ။ နေရတာတောင် ကြောက်လာပြီ' အပျိုကြီးမတင်စန်းက သူ့ရင်ဘတ်ကိုလက်နှစ်ဖက်ဖြင့်ဖိရင်း မှတ်ချက်ပြု၏။

'မောင်မျိုးတော့ သနားပါတယ်ဟယ်။ သူ့ခမျာ နယ်ကပြောင်းလာတာမှမကြာသေးဘူး။ ဒီဆိုင်ကယ် တစ်ပတ်နွမ်းလေးတောင် ၄ သိန်းနဲ့ ပေးဝယ်ထားရတာ။ ငါတောင် ၁ သိန်းချေးလိုက်သေးတယ်' အကြီးတန်းစာရေးမကြီး ဒေါ်စန်းက ကရုဏာသက်စွာပြော၏။

'ပျောက်မှာပဲလေ။ တိုက်တွေမှာက လုံခြုံရေးကမရှိ။ ရှိလည်း အားမကိုးရ' ဟု စာပို့သမားမောင်မြတ်မင်းက ဝေဖန်၏။

'လုံခြုံရေး ---ဟုတ်လား မြတ်မင်း' တစ်ချိန်လုံးငြိမ်နားထောင်နေသော ဦးဘမောင်၏အသံသြသြကြီးကြောင့် မျက်လုံးအကြည့်များက သူ့ထံရောက်သွားသည်။ ဦးဘမောင်က ကျွန်မတို့ရုံးမှာ လုံခြုံရေးမှူး။ ခြေတစ်ဖက်စွန့်ခဲ့ရသည့် စစ်မှုထမ်းဟောင်းကြီး။

'လုံခြုံရေး ---လုံခြုံရေးဆိုပြီး တစ်ချိန်လုံး မင်းတို့ကဒါပဲပြောနေကြတယ်။ လုံခြုံရေးအလုပ်က လွယ်တယ်မှတ်နေလား' ဦးဘမောင်က သူ့အလုပ် လုံခြုံရေးအကြောင်း စကားစပါလာ၍ သိပ်ဘဝင်ကျပုံမရ။

'လုံခြုံရေးဆိုရင် မင်းတို့က အပေါက်စောင့်၊ ရုံးစောင့်လောက်ပဲ မြင်ကြတာကိုးကွ။ လုံခြုံရေးဆိုတဲ့စကားက ဘယ်လောက်အရေးကြီးတယ်ဆိုတာ မင်းသိရဲ့လား'

'လုံခြုံရေးအဓိပ္ပာယ်တော့ မသိဘူး။ ကျွန်တော်သိတာက လုံခြုံကွေးဆရာကြီးတပည့်၊ သူ့ကြည့်လိုက်ရင် အမြဲတမ်း အိပ်ချင်မူးတူးနဲ့'

'အေး အဲဒါပဲ၊ တာဝန်က လုံခြုံရေး။ ငါ့ဆီမှာ လာတွဲပေးထားတဲ့သူတွေက ကျန်းကျန်းမာမာ၊ သန်သန်စွမ်းစွမ်း မရှိကြဘူး။ ငါ့ကိုသာ ကြည့်။ အမှန်က အရေးဟယ်၊ အကြောင်းဟယ်ဆိုရင် တကယ်လုပ်နိုင်ကြမယ့်သူတွေလိုတယ်ကွ။ ဒါမှ လုံခြုံရေးဆိုတာ အဓိပ္ပာယ်ရှိတော့မှာပေါ့'

မောင်မြတ်မင်းက လူငယ်ပီပီ ပွင့်ပွင့်လင်းလင်းဝေဖန်တော့ ဆရာကြီးဦးဘမောင်ကလည်း ပွင့်ပွင့်လင်းလင်းချေပနေ၏။ ကျွန်မကတော့ သူတို့နှစ်ယောက် ဘာတွေဆက်ပြောမည်ဆိုသည်ကို နားစွင့်နေလိုက်၏။

'ဆရာကြီး စိတ်တော့မဆိုးလိုက်နဲ့နော်။ ဆရာကြီးက တပ်ဘက်က လာတာဆိုတော့ လုံခြုံရေးကိစ္စတွေ ပိုနားလည်တော့ လုံခြုံရေးမှူးတာဝန်ပေးထားတာဖြစ်မှာပါ'

'ဒါတော့ ဒါပေါ့ကွာ။ တကယ်တော့ **လုံခြုံရေးဆိုတာ စကားလုံးကသာ သုံးလုံးထဲရှိတာ။ သူ့အဓိပ္ပာယ်၊ သူ့တာဝန်တွေက အများကြီးကျယ်ဝန်းတယ်ကွ**'

'လုပ်ပါဦး ဆရာကြီး။ ဗဟုသုတရတာပေါ့'

'ဗဟုသုတရရုံတင်မကဘူး ဟေ့ကောင်၊ လိုက်နာဖို့ပါ လိုတာဟ'

'ဟုတ်ကဲ့ပါဗျ'

'ငါ့အတွေ့အကြုံ၊ ငါသင်ကြားတတ်မြောက်ခဲ့တဲ့၊ ငါလေ့လာထားတာလေးတွေထဲက တချို့ပေါ့ကွာ။ လုံခြုံရေးဆိုတာ နေရာတိုင်းမှာလိုအပ်တယ်ကွ။ မင်းကော ငါကော တစ်ဦးချင်းဆီမှာ လုံခြုံရေးဆိုတာ ရှိသင့်တာပေါ့။ သွားသတိ၊ လာသတိ၊ စားသတိဆိုတဲ့စကားက လုံခြုံရေးအတွက်သတိပေးတာပဲလေ။ မိသားစုရှိလာရင် ကိုယ့်မိသားစုလုံခြုံရေးလိုလာပြန်ရော။ ဟော ကိုယ့်မှာနေစရာအိမ်ရှိတယ်ဆိုပါတော့ကွာ။ လုံခြုံရေးဆိုတာ မလိုဘူးလား။ လိုလို့ 'သော့' ဆိုတာ ရှိရတာပေါ့၊ ခြံစည်းရိုးဆိုတာ ရှိရတာပေါ့ မဟုတ်ဘူးလား'

ဆရာဦးဘမောင် စကားဆက်နိုင်ဖို့ မောင်မြတ်မင်းက ဓာတ်ဘူးထဲကရေနွေးငှဲ့ပေးနေ၏။ ဆရာဦးဘမောင်က ရေနွေးတစ်ကျိုက်မော့လိုက်ပြီး 'ဒါက **လူပုဂ္ဂိုလ်လုံခြုံရေးနဲ့အဆောက်အဦလုံခြုံရေး**လို့ ခေါ်တာပေါ့ကွာ။ တို့ရုံးအဆောက်အဦကကြီးတယ်။ ဌာနဆိုင်ရာလည်းဖြစ်တော့ ငါတို့လို လုံခြုံရေးအဖွဲ့တွေနဲ့ စောင့်ကြပ်ကြရတာပေါ့။ ဧည့်ဝင်၊ ဧည့်ထွက်၊ ကားဝင်၊ ကားထွက်၊ သဘာဝဘေး၊ သူခိုးသူဝှက်ဘေးကို ကာကွယ်ဖို့ လုံခြုံရေးလုပ်ရတယ်လေ'

'ဒါတင်လားဆိုတော့ ကျန်သေးတယ်ကွ။ မင်းတို့၊ ငါတို့က ဝန်ထမ်းအမှုထမ်းတွေဆိုတော့ **အမှုထမ်းလုံခြုံရေးဆိုတာ**ရှိသေးတယ်။ သူခိုးကို ဘဏ္ဍာစောင့်တာဝန်ပေးခန့်လို့ ဖြစ်မလားကွ။ နောက်တစ်ခုက **စာရွက်စာတမ်းလုံခြုံရေး**ပဲ။ ဒါလည်း အရေးကြီးတယ်။ မင်းက စာပို့သမားဆိုတော့ ထိပ်တန်းလျှို့ဝှက်တို့၊ လျှို့ဝှက်တို့ပါတဲ့စာတွေ မင်းပို့ဖူးတယ်မလား'

'ပို့ဖူးတာပေါ့ ဆရာကြီး'

'အေး အဲဒီစာကိုမင်းဖွင့်ဖောက်ဖတ်လို့ရလား။ စာပျောက်လို့ရလား။ မဆိုင်သူတွေလက်ထဲ ရောက်သွားလို့ရမလား'

'ဟာ ပြုတ်သွားမှာပေါ့ဆရာကြီးရ'

'ပြုတ်ရုံတင်မကဘူးဟ။ သိပ်အရေးကြီးတဲ့ကိစ္စဆိုရင် ထောင်ပါကျဦးမှာ။ မင်းတင်မကဘူး ရုံးကဆင့်ကဲတာဝန်ရှိသူတွေပါ ငါးပါးမှောက်ကုန်မှာ'

'ဗျာ'

'မဗျာနဲ့။ ဒါက ရုံးစာကိစ္စ။ နိုင်ငံလုံခြုံရေးဆိုရင်ကော စဉ်းစားသာကြည့်။ ဘယ်လောက်အရေးကြီးတယ်ဆိုတာ'

'ဟုတ်တယ်နော် ဆရာကြီး'

ဆရာကြီး ဦးဘမောင်နဲ့ မောင်မြတ်မင်းတို့စကားဝိုင်းက အရှိန်ရလာသလို စိတ်ဝင်စားဖွယ်လည်းဖြစ်လာသဖြင့် ကျွန်မအပါအဝင် ရုံးခန်းထဲရှိလူများကပါ အာရုံစိုက်လာကြပုံပေါ်၏။ အားလုံးကငြိမ်၍ နားစွင့်နေကြ၏။

'လုံခြုံရေးဆိုတာ ကာကွယ်ရေးအတွက် အခရာပဲ။ **ကိုယ့်အပေါ်၊ ကိုယ့်မိသားစုအပေါ်၊ ကိုယ့်အဖွဲ့အစည်း၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံအပေါ် ကျရောက်လာနိုင်တဲ့ အန္တရာယ်အသွယ်သွယ် မကျရောက်အောင် လုံခြုံရေးဆိုတာကို လုပ်ကိုလုပ်ရတယ်။** ဘယ်အရာ၊ ဘယ်လိုအပြုအမူ၊ ဘယ်လိုလုပ်ဆောင်ချက်တွေက လုံခြုံရေးကျိုးပေါက်သွားနိုင်တယ်ဆိုတာ သိဖို့လိုတယ်။ သိပြီးရင်လည်း လိုက်နာဖို့လိုတယ်ကွ။ ဒါကြောင့် လုံခြုံရေးဆိုရင် ငါတို့ကိုချည်းမမြင်နဲ့။ **အားလုံးမှာ တစ်ဦးချင်းစီတာဝန်ရှိတယ်**'

'ခု မောင်မျိုးဆိုင်ကယ်ပျောက်တဲ့ကိစ္စ၊ တိုက်မှာလုံခြုံရေးဘယ်ရှိမှာလဲ၊ မပျောက်အောင် ဘယ်လိုလုပ်ထားရမလဲ၊ ဘယ်လိုလူတွေက ခိုးနိုင်သလဲ၊ ဘယ်လိုခိုးနိုင်သလဲဆိုတဲ့ လုံခြုံရေးအမြင်လေးတော့ ရှိသင့်တာပေါ့။ တိုက်ကလူတွေကလည်း ညရေးညတာမှာ ဆင်အော်လို့မနိုး မဖြစ်ဖို့လိုတာပေါ့ကွာ။ ကိုယ့်တိုက်၊ ကိုယ့်အိမ်ရာလုံခြုံရေးအတွက် လုံခြုံရေးအမြင်၊ လုံခြုံရေးသတိလေး ရှိနေကြရင် အလွယ်တကူဘယ်ဖြစ်ပါ့မလဲ။ အရာရာ 'ရဲ' ကိုချည်း အပြစ်ပုံချနေတာတော့ လွဲတယ်ကွ'

'ဟုတ်ပါတယ် ဆရာကြီးရာ။ ကျွန်တော်က ကိုမျိုးကိုယ်စားနှမြောလို့ပါ။ ကဲ ဆရာကြီးရေ ကျွန်တော် ဟိုဘက်ရုံးစာတွေလိုက်ပို့ရဦးမယ်။ နောက်မှဆက်ကြတာပေါ့နော်'

မောင်မြတ်မင်းက စကားစဖြတ်ပြီးစာပို့ရန် ကမန်းကတန်းထွက်သွားလေ၏။

'ဟာ ဒီကောင် ခုပဲလုံခြုံရေးအကြောင်းပြောပြီးတယ်။ ဒီမှာကြည့်ကြဦး၊ စားပွဲပေါ်မှာ လျှို့ဝှက်တံဆိပ်နဲ့စာတစ်စောင်ကျန်နေခဲ့ပြီ။ ခက်တဲ့ကောင်ပဲ'

ဆရာကြီး ဦးဘမောင်တစ်ယောက် မောင်မြတ်မင်းနောက် အပြေးတစ်ပိုင်း စာလိုက်ပေးသည့်မြင်ကွင်းကိုကြည့်ရင်း အပျိုကြီးကျွန်မအတွေးထဲမှာတော့ လုံခြုံရေးနဲ့ဆိုင်တဲ့အကြောင်းအရာတွေပြည့်လို့နေပါတော့တယ်ရှင် . . . . .။

**မိချမ်းမြေ့**

# CHD Bank တွင် အိမ်ရာအတွက် လာရောက်ငွေစုဆောင်းသူ (၁၅,၀၀၀) ကျော်ရှိလာ

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် CHD Bank တွင် အိမ်ရာများ ဝယ်ယူနိုင်ဖို့အတွက် စုငွေလာရောက်စုဆောင်းနေသူ စုစုပေါင်း (၁၅,၀၀၀) ကျော်သွားပြီဖြစ်ကြောင်း ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးဝင်းဇော်ကပြောသည်။

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ်၏ အုပ်ချုပ်မှုဒါရိုက်တာဦးဝင်းဇော်က 'အိမ်ရာအတွက် စုငွေလာရောက်စုဆောင်းနေသူပေါင်းက ၁ သောင်းကျော်ပေမယ့် ၃၀ ရာခိုင်နှုန်းပြည့်မှ အိမ်ရာဝယ်ယူနိုင်ဖို့ ငွေချေးပေးမှာဖြစ်တဲ့အတွက် အဲဒီလိုတိုက်ခန်းရဲ့ ၃၀ ရာခိုင်နှုန်းပြည့်အောင် စုဆောင်းထားသူကတော့ ထောင်ဂဏန်းလောက်ပဲရှိသေးတယ်။ အဲဒီစုဆောင်းသူ (၁၅,၀၀၀) ကျော်ထဲက အိမ်ခန်းရောင်းချပေးထားတာ (၆၀၀) ကျော်လောက်ရှိနေပြီဖြစ်ပြီး နှစ်အလိုက်ထပ်မံတိုးတက်လာတဲ့ တိုက်ခန်းအရေအတွက်ပေါ်မူတည်ကာ ဆက်လက်ရောင်းချပေးသွားမှာ ဖြစ်ပါတယ်' ဟု ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ ရန်ကုန်တိုင်းဒေသကြီးတွင် အိမ်ရာလိုအပ်ချက် ၁ သိန်း ၈ သောင်းကျော်ရှိနေပြီး အဆိုပါအိမ်ခန်းလိုအပ်ချက်များကိုဖြည့်ဖို့အတွက် ၂၀၁၆ ခုနှစ်ကနေ ၂၀၂၀ အထိ ၅ နှစ် စီမံကိန်းနှင့် ဆောင်ရွက်နေကြောင်းသိရသည်။

တိုက်ခန်းလိုအပ်ချက်၏ ၂၀ ရာခိုင်နှုန်းကိုလည်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲက ဒုတိယညွှန်ကြားရေးမှူးဦးနွေမှူးက ပြောသည်။

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲက ဒုတိယညွှန်ကြားရေးမှူး ဦးနွေမှူးက 'တန်ဖိုးနည်းအိမ်ရာတွေကို အများပြည်သူတွေဝယ်ယူနိုင်ဖို့အပါအဝင် ပင်စင်ရဝန်ထမ်းတွေ ဝယ်ယူနိုင်ဖို့အတွက်ပါ ထည့်သွင်းတည်ဆောက်နေတာဖြစ်တဲ့အတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာဆိုရင် **အိမ်ခန်းပေါင်း (၅,၀၀၀) ကျော်လောက် ဖော်ထုတ်ပေးနိုင်မယ့် အိမ်ရာစီမံကိန်းတွေဖြစ်တဲ့ ယုဇနအိမ်ရာအပိုင်း (၃)၊ သီလဝါ တန်ဖိုးနည်းအိမ်ရာ၊ ရွှေလင်ဗန်း စက်မှုဇုန်အိမ်ရာတွေကို စတင်တည်ဆောက်နေပြီဖြစ်ပါတယ်။** တခြားတိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာလည်း စတင်တည်ဆောက်ပေးနိုင်ဖို့ စီစဉ်နေပါတယ်။ အခန်းတွေရဲ့လိုအပ်ချက်တွေကို ၅ နှစ်စီမံကိန်းနဲ့ပြန်လည်လုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်' ဟုပြောကြားခဲ့သည်။

**မြင့်မြတ်အောင်မြင်**

# ဗီယက်နမ် SHB ဘဏ် မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်မည်

ဗီယက်နမ်အခြေစိုက် Sai Gon-Ha Noi Joint Stock Commercial Bank (SHB) က မြန်မာနိုင်ငံတွင် ရုံးခွဲဖွင့်လှစ်ခွင့် ရရှိပြီဖြစ်ကြောင်း Vietnam News သတင်းဌာနက ရေးသားထားကြောင်းသိရသည်။

အဆိုပါ ဗီယက်နမ် SHB ဘဏ်အတွက် တတိယမြောက် ပြည်ပဈေးကွက်ကို ဝင်ရောက်ခြင်းဖြစ်ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့က ဘဏ္ဍာရေးနှင့်ဘဏ်လုပ်ငန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ဖို့ ပူးတွဲသဘောတူညီမှုကို လက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း သိရသည်။

နှစ်နိုင်ငံ သဘောတူညီချက်တွင် ဗီယက်နမ်ဘဏ်များ မြန်မာနိုင်ငံ၌လည်းပတ်လုပ်ကိုင်ဖို့ အချက်လည်း ပါဝင်ခဲ့ကြောင်းနှင့် SHB ဘဏ်အနေဖြင့် မြန်မာနိုင်ငံရုံးခွဲအပြင် ဘဏ်ခွဲအသစ် ၅ ခုဖွင့်လှစ်ခွင့်ကို ဗီယက်နမ်နိုင်ငံတော်ဘဏ်ကနေ ခွင့်ပြုချက်ရရှိခဲ့ကြောင်း ဖော်ပြထားကြောင်းသိရသည်။

**အောင်ပိုင်မျိုး**




# ရွှေမင်္ဂလာဈေးရှိဆိုင်ခန်းများ အငှားသဘောမျိုးရှိနေသဖြင့် ဆိုင်ပိုင်ရှင်များ စိုးရိမ်မှုများရှိနေ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေမင်္ဂလာဈေးရှိဆိုင်ခန်းများကို ကျပ်သိန်းထောင်ဂဏန်းခန့်ဖြင့်ဝယ်ယူခဲ့ရသော်လည်း မြို့နယ်စည်ပင်သာယာရေးကော်မတီက ပိုင်ဆိုင်ခွင့်မပေးဘဲ အငှားသဘောမျိုးသာ သတ်မှတ်ခဲ့ခြင်းကြောင့် ဆိုင်ခန်းပိုင်ရှင်များအနေဖြင့် စိုးရိမ်မှုများရှိနေကြောင်း ဆိုင်ခန်းပိုင်ရှင်များက ပြောသည်။

ဇူလိုင်လ ၁ ရက်နေ့က လွှတ်တော်ကိုယ်စားလှယ်များနှင့် ရွှေမင်္ဂလာဈေးဆိုင်ခန်းပိုင်ရှင်များ တွေ့ဆုံဆွေးနွေးပွဲတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ရွှေမင်္ဂလာဈေးတွင်ရှိသော ဆိုင်ခန်းများကို ဈေးတည်ဆောက်ပေးခဲ့သောကုမ္ပဏီမှတစ်ဆင့် ကျသင့်ငွေများကို ပေးချေဝယ်ယူခဲ့ခြင်းဖြစ်ပြီး၊ အဆိုပါ ကုမ္ပဏီကစည်ပင်သာယာကို ပြန်လည်လွှဲပြောင်းပေးရာတွင် စည်ပင်သာယာဆိုင်ခန်းပိုင်ဆိုင်ခွင့်မပေးဘဲ အငှားစည်းကမ်း ၃၄ ချက်ဖြင့် အငှားသဘောမျိုးသာ ထားရှိခဲ့ခြင်းဖြစ်ကြောင်း ဆိုင်ခန်းပိုင်ရှင်တစ်ဦးဖြစ်သော ဦးကြည်စောကပြောကြားခဲ့သည်။

လက်ရှိရွှေမင်္ဂလာဈေးအတွင်း ပျက်ဆီးချို့ယွင်းမှုများ ရှိနေသော်လည်း စည်ပင်သာယာကတာဝန်ယူဖြေရှင်းပေးမှုမျိုး မရှိသေးကြောင်း ဆိုင်ခန်းပိုင်ရှင်များကဆိုသည်။

စည်ပင်သာယာဈေးများဌာနဥပဒေက အားနည်းနေသောကြောင့်သာ အငှားသဘောမျိုးသက်ရောက်နေခြင်းဖြစ်ပြီး ဆိုင်ခန်းများကိုအမှန်တကယ်ပိုင်ဆိုင်မှုမရှိခြင်းကြောင့် စိုးရိမ်ဖို့မလိုအပ်ကြောင်း တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ပြောကြားခဲ့သည်။

ရွှေမင်္ဂလာဈေးအတွင်း မြေညီထပ်တွင် ဆိုင်ခန်း ၁၈၂ ခန်း၊ ပထမထပ်နှင့်ဒုတိယထပ်များတွင် ၁၈၆ ခန်းရှိပြီး နှစ်စဉ်လုပ်ငန်းသက်တမ်းတိုးမှုပြုလုပ်ရကာ ဆိုင်ခန်းဈေးနှုန်းများက ဆိုင်ခန်း ၁ ခန်းကို ကျပ်သိန်း ၄၅၀ ကနေ အများဆုံး ကျပ်သိန်း ၅,၀၀၀ အထိရှိကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင်**

# တရားမဝင်တပ်ဆင်ထားသော တာဝါတိုင်ဖိုက်ဘာကြိုးများကို ဖယ်ရှားမည်


ရန်ကုန်တိုင်းဒေသကြီး အတွင်း မြို့နယ်အသီးသီးရှိ အထပ်မြင့်အဆောက်အအုံများတွင် တရားမဝင်တပ်ဆင်ထားသော အင်တာနက်တာဝါတိုင်များ၊ ဖိုက်ဘာကြိုးများကို ဖယ်ရှားရှင်းလင်းမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံမှသိရသည်။

အများပြည်သူနေထိုင် သွားလာသည့် မြို့နယ်၊ ရပ်ကွက်များအတွင်း လျှပ်စစ်ဓာတ်အားပေးတိုင်များ၌ ဆက်သွယ်ရေးကြိုးများ ရောနှောတပ်ဆင်ထားခြင်းများကြောင့် ဓာတ်အားလိုင်းကြိုးနှင့် ဆက်သွယ်ရေးကြိုးခွဲခြား မသိနိုင်သဖြင့် အများပြည်သူကို လျှပ်စစ်မတော်တဆ အန္တရာယ်ဖြစ်စေနိုင်သည်။

ထို့ကြောင့် လျှပ်စစ်ဓာတ်တိုင်များနှင့်ဆက်သွယ်ရေးတိုင်များကို သီးခြားစိုက်ထူမည်ဖြစ်သည်။ ယင်းအတွက် လျှပ်စစ်ဓာတ်အားပေးဓာတ်တိုင်များတွင် ဆက်သွယ်ရေးကြိုးများ တပ်ဆင်သွယ်တန်းခြင်းမပြုလုပ်ရန် ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် ဆက်သွယ်ရေးအော်ပရေတာကုမ္ပဏီတို့ ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်နေသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူထားခြင်းမရှိသည့် ဆက်သွယ်ရေးတာဝါတိုင်များ တရားမဝင်စိုက်ထူခြင်းများကိုလည်း ရှင်းလင်းမည်ဖြစ်ကြောင်း သိရသည်။

**စံမျိုးထက်**



စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# မီးလောင်ကျွမ်းခဲ့သည့် အဆင့်မြင့်မင်္ဂလာဈေးအဆောက်အဦဖျက်သိမ်း

မောင်ပြည်သူ(မန္တလေး)



၂၀၁၆ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့က မီးလောင်ကျွမ်းခံခဲ့ရသည့် မန္တလေးချမ်းအေးသာစံမြို့နယ်၊ လမ်း ၃၀ နှင့် ၇၃ လမ်းထောင့်ရှိ အဆင့်မြင့်မင်္ဂလာဈေးအား အသစ်ပြန်လည်တည်ဆောက်ရန် အဆောက်အအုံဟောင်းပြန်လည်ဖျက်သိမ်းခြင်းလုပ်ငန်းများကို ဇူလိုင်လဆန်းပိုင်းမှ စတင်ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ကာလအတွင်းပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးအတွက် ဇူလိုင်လ ၅ ရက်နေ့က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှူးနှင့်အင်ဂျင်နီယာများက ဖျက်သိမ်းနေမှုများအား ကွင်းဆင်းစစ်ဆေးသည်။ မင်္ဂလာဈေးဖျက်သိမ်းခြင်းလုပ်ငန်းအား အဆောက်အအုံဟောင်းလုပ်ငန်းရှင်များကိုပွင့်လင်းမြင်သာစွာ လေလံစနစ်ဖြင့်ခေါ်ယူဆောင်ရွက်ခဲ့ရာ ငွေကျပ်သိန်း ၂,၅၂၀ ဖြင့် လုပ်ကိုင်ခွင့်ပြုခဲ့သည်။ အဆောက်အအုံဟောင်း ဖျက်သိမ်းခြင်းလုပ်ငန်းအား စာချုပ်ချုပ်ဆိုသည့်နေ့မှ ငါးလအတွင်းအပြီးဖျက်သိမ်းရန်သတ်မှတ်ထားပြီး သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဒဏ်ကြေးငွေ တစ်ရက်လျှင် ကျပ် ၅၀,၀၀၀ သတ်မှတ်ထားသည်။ မီးဘေးသင့်ဈေးသူဈေးသားများ ပုံမှန်ဈေးရောင်းချနိုင်ရန် မဟာအောင်မြေမြို့နယ်၊ ၃၅ လမ်းနှင့် ၇၁ လမ်းထောင့် မဟာနွယ်စဉ်အားကစားကွင်းတွင် မင်္ဂလာဈေး (ယာယီ) ဖွင့်လှစ်၍ရောင်းချခွင့်ပြုထားသည်။ ဖျက်သိမ်းခြင်းလုပ်ငန်းများပြီးစီးပါက နိုင်ငံတကာအဆင့်မီ အဆင့်မြင့်မင်္ဂလာဈေးသစ်ကြီးတည်ဆောက်၍ မူလဈေးသည်များအား ပြန်လည်နေရာချထားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

# လျှပ်စစ်ဓာတ်လိုက်မှု လူနာပြုစုနည်း
# လျင်မြန်ပြုစု – အသက်ကယ်မှု

၁။ လူနာကို လျှပ်စစ်ကြိုးမှဖယ်ရှားရန်။

၂။ လူနာပြုစုနည်းဖြင့် ပြုစုရန်။

၃။ အနီးဆုံးဆရာဝန်၏အကူအညီကို ရယူရန်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်**

အနီးဆုံးဆရာဝန် -----------------

အနီးဆုံးဆေးရုံ -----------------


အနီးဆုံးကျေးလက် -----------------

ကျန်းမာရေးဌာန ----------------

အနီးဆုံးမီးသတ်တပ်ဖွဲ့ ----------------

## လူနာကိုလျှပ်စစ်ကြိုးမှ ဖယ်ရှားရန်

ရှေးဦးစွာ လျှပ်စစ်ခလုတ်ကိုပိတ်ပါ။ ဓာတ်အားရှိနေပါက သားရေလက်အိတ်အစွပ်၊ အဝတ်ခြောက် (သို့) သတ္တုကင်းမဲ့သည့်ကြိုးဖြင့် လူနာကိုလျှပ်စစ်ကြိုးမှ ဆွဲယူဖယ်ရှားပါ။ မိမိကလည်း ခြောက်သွေ့ပြီးလျှပ်တားနိုင်သည့် အခင်းပေါ်မှလုပ်ဆောင်ပါ။ ဓာတ်လိုက်ပြီး မေ့မြောနေသောသူအား ဆေးရုံပို့ရန်မလောပါနှင့်။ ရှေးဦးသူနာပြုစုနည်းဖြင့် အသက်မှန်မှန်ပြန်ရှူလာသည့်တိုင်အောင် ပြုစုပေးပါ။




လျှပ်စစ်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ်(၂၆၀)(ခ) အရထုတ်ဝေသည်။

# မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးသရုပ်ပြ

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံတော်ပိုင် စက်ရုံအလုပ်ရုံများ မီးဘေးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုများ ကူညီကယ်ဆယ်ရေးအတွက် အစဉ်လေ့ကျင့်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များကျရောက်ပါက ပြည်သူများအား ကူညီဆောင်ရွက်နိုင်ရန်သန္နွေနှင့်ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးခဲ့သည်။ ချမ်းအေးသာစံမြို့နယ် သန္နွေနှင့်ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးသရုပ်ပြပွဲကို ဇူလိုင်လ ၄ ရက်နေ့ နံနက်က မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ် ၂၉ လမ်း၊ ဗဟိုမီးသတ်တပ်ဖွဲ့စခန်းတွင်ကျင်းပခဲ့သည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ဒေသအရန်မီးသတ်ကြီးကြပ်မှုကော်မတီ



ဝင်များ၊ သန္နွေနှင့်ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ် သန္နွေနှင့်ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်ကြိုးချည်နည်းသရုပ်ပြခြင်း၊ မီးခိုးပိတ်ပြီး အသက်ရှူကြပ်သည့်နေရာသို့ အသက်ကယ်အောက်စီဂျင် BAset ဝတ်ဆင်သရုပ်ပြခြင်း၊ အဆောက်အဦအတွင်း ပိတ်မိနေသောလူတစ်ဦးအားကယ်ဆယ်ရေးသရုပ်ပြခြင်း၊ ရေတွင်းထဲကျနေသောလူ ၃ ဦးအား ကယ်ဆယ်မှုသရုပ်ပြခြင်းများဆောင်ရွက်ကြကြောင်းသိရသည်။

**သီဟကိုကို (မန္တလေး)**

## ခရီးသွားလုပ်ငန်းရေရှည်ရပ်တည်နိုင်ရန် အချက်အလက်များ ပြုစုသွားမည်

မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်၍ ဆောင်ရွက်ရန်ရှိသည့် လုပ်ငန်းစဉ်များ၊ အခက်အခဲများ၊ နေ့ကွေးနေသောလုပ်ငန်းရပ် စသည့် ကိစ္စရပ်များကို ရေရှည်ရပ်တည်နိုင်ရန်နှင့်ပတ်သက်သော တစ်ဦးချင်းစီ ဆွေးနွေးခြင်းနှင့်အုပ်စုဖွဲ့၍ ဆွေးနွေးခြင်းများအပြင် Destination Management & Sustainable Tourism Workshop ပြုလုပ်၍ အချက်အလက်များ ပြုစုမည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပသောဆွေးနွေးပွဲမှ သိရှိရသည်။



အဆိုပါဆွေးနွေးခြင်းမှ ရရှိလာသည့်ရလဒ်များကို အချက်အလက်များစုစည်းပြီး စက်တင်ဘာလအတွင်း နေပြည်တော်၌ပြုလုပ်မည့် မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းကဏ္ဍပေါင်းစုံပါဝင်ကြမည့် အလုပ်ရုံဆွေးနွေးပွဲတွင် ထည့်သွင်းတင်ပြပေးသွားမည့်အပြင် လိုအပ်သောမူဝါဒပိုင်းများအား ဆက်လက်လုပ်ဆောင်ပေးသွားမည်ဖြစ်သည်။ ထို့ပြင် ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ပြည်တွင်းခရီးသွားနှင့်ဆက်စပ်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ SME ပိုင်းနှင့်ပတ်သက်သည့် ဆွေးနွေးပွဲများကိုလည်း ပြုလုပ်ပေးသွားမည့်အပြင် ထိုဆွေးနွေးပွဲများမှတစ်ဆင့် ကဏ္ဍတစ်ခုချင်းစီအလိုက် လက်တွေ့လုပ်ငန်းပေါင်းစုံပါဝင်နိုင်စေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရန်မျိုးသိမ်း**

## ဘိုကလေးမြို့နယ်တွင် သောက်သုံးရေကန်တူးဖော်ပြီးစီး

ဘိုကလေးမြို့နယ်၊ ရွှေစာရံကျေးရွာအုပ်စု (၈) ကျေးရွာသည် နှစ်စဉ်သောက်သုံးရေ ရှားပါးပြတ်လပ်မှုရှိနေသည့်အတွက် Eleven Media နှင့်စေတနာရှင်ပြည်သူများ လှူဒါန်းသည့် မြေသားသောက်သုံးရေကန်တူးဖော်လုပ်ငန်းပြီးစီးပြီဖြစ်၍ သောက်သုံးရေချိုများကိုပါ သိုလှောင်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။



အဆိုပါသောက်သုံးရေကန်သည် အလျားပေ ၁၁၀၊ အနံပေ ၁၁၀ ပတ်လည်၊ ကန်ဘောင်အမြင့် ၆ ပေ၊ ကန်ဘောင်အောက်ခြေအကျယ် ၁၆ ပေ၊ ကန်ဘောင်ထိပ်ဝအကျယ် ၅ ပေရှိ မြေသားသောက်သုံးရေကန်အား မြေသားထပ်ခွဲခြင်း၊ ရေကြောပျက်အခင်းများ ခင်းကျင်းခြင်းနှင့်ကန်ပေါင်ပတ်လည်အား ခြံစည်းရိုးများ ကာရံခြင်း၊ ရေဆင်းတံတားများ တည်ဆောက်ခြင်းကို တူးဖော်လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ယခု မိုးရွာသွန်းနေပြီဖြစ်သည့်အတွက် အဆိုပါမြေသားရေလှောင်ကန်အသစ်တွင် ရေဂါလန် နှစ်သိန်းကျော်အထိ စတင်သိုလှောင်ထားနိုင်ကာ စုစုပေါင်းရေဂါလန် ငါးသိန်းကျော်အထိ သိုလှောင်ထားနိုင်မည့် သောက်သုံးရေကန်တစ်ခုဖြစ်ကြောင်း သိရသည်။

Eleven Media Group နှင့်စေတနာရှင်များမှ ယခုနှစ်အတွင်းမှာပင် ဘိုကလေးမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာတွင် မြေသားမိုးရေသိုလှောင်ကန်များ၊ မော်လမြိုင်ကျွန်းမြို့နယ်ရှိ ကျေးရွာသုံးရွာတွင် မြေသားမိုးရေသိုလှောင်ကန်များ၊ ငပုတောမြို့နယ်တွင်လည်း မြေသားမိုးရေသိုလှောင်ကန်များ၊ သာပေါင်းမြို့နယ်တွင်စက်ရေတွင်းများ တူးဖော်လှူဒါန်းခဲ့ကြောင်း ထပ်မံသိရသည်။

**အောင်သာဝေ**

## ရှေးဟောင်းဗိဿနိုးနယ်မြေသို့ ပြည်တွင်းပြည်ပလေ့လာသူများ ပိုမိုများပြားလာ

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်ယူနက်စကိုစာရင်းဝင် ဗိဿနိုးရှေး



ဟောင်းနယ်မြေသို့ ယခုနှစ်တွင် ပြည်တွင်းပြည်ပမှ ခရီးသွားလာရောက်လေ့လာမှုများသည် ယခင်နှစ်ထက် တစ်ဆခွဲခန့် မြင့်တက်လာကြောင်းကို ဗိဿနိုးရှေးဟောင်းသုတေသနဌာနမှသိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လာရောက်လေ့လာသူ ပြည်တွင်းခရီးသည် ၃၁,၀၀၀ ကျော်နှင့်ပြည်ပခရီးသွားလေ့လာသူ ၁၇၄ ဦးရှိခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပြည်တွင်းခရီးသွား ၄၅,၀၀၀ ကျော်နှင့် ပြည်ပခရီးသွား ၂၀၀ ကျော် လာရောက်ကြကြောင်းကို ရှေးဟောင်းသုတေသနဌာနမှပြောသည်။

**ဗိဿနိုးရှေးဟောင်းသုတေသနပြတိုက်တွင် ဇုန်ဝင်ကြေးအဖြစ် ပြည်ပနိုင်ငံခြားခရီးသွားများကိုသာ တစ်ဦးလျှင် ကျပ် ၅,၀၀၀ နှုန်းကောက်ခံပြီး ပြည်တွင်းခရီးသွားများကို အခမဲ့လေ့လာခွင့်ပြုထား**သည်ဟုဆိုသည်။ ယင်းသို့လာရောက်လေ့လာသူများ အဆင်ပြေစေမှုအတွက် ရှေးဟောင်းနယ်မြေတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ခရီးသွားနားနေဆောင်များ စသည့်စီမံချက်များဆောင်ရွက်ထားပြီး ရှေးဟောင်းသုတေသနနယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေးစီမံချက်များ ဆောင်ရွက်ပေးထားကြောင်း သိရသည်။

**မြို့သားလေး**

## ကျောင်းနှင့်ဝန်းကျင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက် နှစ်ရှည်ပင်နှင့်ပန်းအလှပင်များ စိုက်ပျိုး



နေပြည်တော်၊ အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်းတွင် ဇူလိုင်လ ၉ ရက်နေ့၊ နံနက်က ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ/ဆရာမများဦးဆောင်၍ ကျောင်းသား/ကျောင်းသူများသည် ကျောင်းဝန်းအတွင်းနှင့် အပြင်တို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်း၊ နှစ်ရှည်ပင်နှင့်ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးခြင်းတို့ကို တပျော်တပါးဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

**ကိုလေး**

စက်မှုအလင်းဂျာနယ်
Beacon of Industry Journal

# မြန်မာအိမ်ခြံမြေဆောက်လုပ်ရေးဆုပေးပွဲ ကျင်းပ

Property Guru Myanmar မှ ကြီးမှူးကျင်းပသော တတိယအကြိမ်မြောက်အိမ်ခြံမြေဆုပေးပွဲအခမ်းအနားကို ဇွန်လ ၃၀ ရက်နေ့၊ ည ၇ နာရီက Mr.Terry Blackburn က ပြောသည်။ အဆိုပါဆုပေးပွဲတွင် ဘက်စုံဒီဇိုင်းဆုနှင့် အထူးစီးပွားရေးတည်ဆောက်မှုဆု အမျိုးအစားသစ်




ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပပြုလုပ်ရာ ၂၀၁၇ ခုနှစ်အတွက် မြန်မာနိုင်ငံအိမ်ခြံမြေဆောက်လုပ်ရေးတွင် အထင်ရှားဆုံးပုဂ္ဂိုလ်ဆုကို ရွှေတောင်လုပ်ငန်းအုပ်စု၏ အမှုဆောင်အရာရှိချုပ် ဦးအောင်ဇော်နိုင်အား ပေးအပ်ခဲ့ကြောင်းသိရသည်။

'နှစ်စဉ်ကျင်းပပြုလုပ်နေတဲ့ Myanmar Property Awards နဲ့ ပတ်သက်ပြီးတော့ ဒီနေ့ပြုလုပ်ရခြင်းဖြစ်ပါတယ်။ ဒါဟာ Property Awards 2017 ဖြစ်ပြီး အာရှတစ်ခုလုံးမှာလုပ်သည့် အစိတ်အပိုင်းတစ်ခုဖြစ်ပါတယ်။ ဒီပြိုင်ပွဲကို စလုပ်ခဲ့တာ ၁၂ နှစ်ရှိပြီး အာရှမှာအကြီးဆုံးနဲ့ ဂုဏ်သိက္ခာအားဖြင့် အမြင့်မားဆုံးရတဲ့ အိမ်ခြံမြေနဲ့ပတ်သက်သည့် ဆုဖြစ်ပါတယ်။ ယခု ဆုရရှိတဲ့သူတွေဟာ နောက်လာမည့် စက်ာပူနိုင်ငံမှာပြုလုပ်မည့်ပွဲကြီးရင် အရှေ့တောင်အာရှ (၈) နိုင်ငံဆုရရှိသူတွေနဲ့ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်' ဟု Asia Property Awards & Property Report ၏ Managing Director

များ စုစုပေါင်းဆု (၁၈) ခုနှင့် အထူးဆုများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**KMC**

## ရန်ကုန်စတော့အိတ်ချိန်းသို့ နောက်ဆုံးလျှောက်လွှာတင်သည့် ကုမ္ပဏီမရှိသေး

ယခုနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီနှစ်ခုခန့် စာရင်းဝင်ကုမ္ပဏီအသစ်ဝင်လာနိုင်မည်ဟုခန့်မှန်းထားကြသော်လည်း လက်ရှိအချိန်အထိ နောက်ဆုံးအဆင့်လျှောက်လွှာလာရောက်လျှောက်ထား သည့် ကုမ္ပဏီမရှိသေးကြောင်းသိရသည်။

ရန်ကုန်စတော့အိတ်ချိန်း၏ဖော်ပြချက်များတွင် စာရင်းဝင်ကုမ္ပဏီဖြစ်ရန် ကုမ္ပဏီအနေဖြင့် အဆင့်ခုနစ်ဆင့်ကို တစ်နှစ်ခန့်ပြင်ဆင်ရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ရောက်ရှိမှသာ လျှောက်လွှာတင်ရမည်ဟုပါရှိသည်။

အဆိုပါကုမ္ပဏီနှစ်ခုအနက် တာမိုးညဲကုမ္ပဏီကိုစစ်ဆေးနေပြီး ကုမ္ပဏီမှလျှောက်လွှာရောက်ရှိလာပါက အိတ်ချိန်းဘက်မှ ၄၅ ရက်ကြာစစ်ဆေးမည်ဖြစ်သည်။ ခွင့်ပြုချက်ရရှိပါက ရှယ်ယာရှင်များအနေဖြင့် Securities Account များပြောင်းခြင်းကိုပြုလုပ်ရမည်ဖြစ်ပြီး ထို့နောက်မှသာ စတင်ရောင်းချမည့်ရက်နှင့်အဖွင့်ဈေးကို ထုတ်ပြန်ပေးမည်ဖြစ်ကြောင်းသိရသည်။

လက်ရှိရန်ကုန်စတော့အိတ်ချိန်း၌ အများပိုင်ကုမ္ပဏီခြောက်ခုကို စာရင်းဝင်ကုမ္ပဏီအဖြစ်ခွင့်ပြုထားသည်။ ယင်းတို့အနက် FMI, MTSH (သီလဝါ အထူးစီးပွားရေးဇုန်အများပိုင်ကုမ္ပဏီ)၊ မြန်မာနိုင်ငံသားများဘဏ် (MCB) နှင့် ပထမပုဂ္ဂလိကဘဏ် (FPB) စသည့် ကုမ္ပဏီလေးခုမှရှယ်ယာများ ရောင်းချပေးနေကြောင်းသိရသည်။ **စံမျိုးထက်**

## နှစ်လခွဲအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော် အများဆုံးဝင်ရောက်ထား



ယခုဘဏ္ဍာနှစ် ဧပြီလ၊ မေလ၊ ဇွန်လအထိ နှစ်လခွဲအတွင်းမှာပင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ နှစ်ဘီလီယံကျော်ဝင်ရောက်ထားကြောင်းကို ရင်းနှီးမြှုပ်နှံမှုကော်မရှင်အတွင်းရေးမှူး ဦးအောင်နိုင်ဦး၏ပြောပြချက်အရ သိရသည်။

ဆက်လက်ပြီး ထပ်မံခွင့်ပြုရန် ၁.၆ ဘီလီယံကျော် ကျန်ရှိသေးကြောင်း ဧပြီလနှင့်မေလကုန်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၉၂၃ သန်း ခွင့်ပြုခဲ့ပြီး ဇွန်လ ၁၅ ရက်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၁. ၁ ဘီလီယံခန့် ထပ်မံခွင့်ပြုခဲ့သည်ဟုပြောသည်။ ယခုဘဏ္ဍာနှစ် နှစ်လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအများဆုံးဝင်ရောက်ထားပြီး စုစုပေါင်းရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာသန်း ၅၂၀ ခန့်ရှိကာ အဓိကဝင်ရောက်သည့်လုပ်ငန်းများသည် ကုန်ထုတ်လုပ်မှု၊ အိမ်ရာနှင့် ဆက်သွယ်ရေးကဏ္ဍတို့ဖြစ်သည်ဟု ဆိုသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကျဆင်းရခြင်းသည် ကမ္ဘာပေါ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကျဆင်းခြင်းမှ ဂယက်ရိုက်ခတ်ခြင်း၊ မြန်မာနိုင်ငံတွင် အစိုးရအပြောင်းအလဲဖြစ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ပြဋ္ဌာန်းမှုကို စောင့်ဆိုင်းခြင်းနှင့်ပြီးခဲ့သည့်နှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင် မဖွဲ့စည်းနိုင်ခြင်းတို့ကြောင့်ဖြစ်သည်ဟု ပြောသည်။

ယခင်ဘဏ္ဍာနှစ် ဧပြီလနှင့်မေလတွင် အစိုးရအသစ်အကူးအပြောင်းဖြစ်သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှုမရှိခဲ့ပေ။ ဇွန်လမှသာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၃၁ သန်း စတင်ဝင်ရောက်မှုကြောင့် ယခုနှစ်သည် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ဒေါ်လာနှစ်ဘီလီယံဝန်းကျင် ပိုများလာကြောင်း သိရသည်။

**ဆွေဝင်းမောင်**

## လမ်းဘေးဈေးများ တအားဖွံ့ဖြိုးစေဖို့ ရည်ရွယ်ချက်မရှိဟု တိုင်းဝန်ကြီးချုပ်ကဆို

လမ်းဘေးဈေးကြီးများ တအားဖွံ့ဖြိုးစေဖို့ ရည်ရွယ်ချက်မရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ဇူလိုင်လ ၂ ရက်နေ့က ပြုလုပ်ခဲ့သော ပန်းပဲတန်းမြို့နယ်၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား နောက်ဖေးလမ်းကြားက ဥယျာဉ်ဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့ခြင်းဖြစ်သည်။ လမ်းဘေးဈေးသည်များ တအားတိုးပွားနေသော နိုင်ငံတစ်ခု၏ image သည် ကောင်းသော image တစ်ခု မဟုတ်ဘဲ လမ်းဘေးတွင်ဈေးရောင်းရသူများနည်းပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းကောင်းများနှင့် လူမှုဘဝကိုမြှင့်တင်နိုင်အောင် ကြိုးပမ်းပေးရမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းကပြောသည်။

လမ်းဘေးဈေးသည်များက အခြေအနေအကြောင်းအမျိုးမျိုးကြောင့် လမ်းဘေးတွင် ဈေးထွက်ရောင်းကြရခြင်းဖြစ်ကြောင်းဆိုသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကမ်းနားလမ်းညဈေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာလကုန်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်မြို့တွင်း လမ်းမကြီးများပေါ်တွင် ရောင်းချနေသော လမ်းဘေးဈေးသည်ပေါင်း ၅,၀၀၀ ကျော်ကို ပြောင်းရွှေ့ရောင်းချစေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မြတ်အောင်မြင့်**



# ဆန်ကြမ်းဈေးကွက် ဈေးမြင့်တက်လာ


**ဆွေဝင်းမောင်**

ပြည်တွင်းဆန်ဈေးကွက်တွင် ပြည်ပသို့ဆန်တင်ပို့ရန် အဝယ်များခြင်းကြောင့် ဆန်ကြမ်းဈေးနှုန်းဆက်တိုက်မြင့်တက်လာကြောင်း ဆန်ကုန်သည်များက ပြောသည်။

အာဖရိကနိုင်ငံများသို့ ပင်လယ်ရေကြောင်းကုန်သွယ်ရေးဖြင့် ဆန်တင်ပို့ရန်ပြည်တွင်းဈေးကွက်မှ ဆန်ဝယ်ယူမှုပမာဏ မြင့်တက်လာနေသဖြင့် ဆန်ကြမ်းဈေးနှုန်းမှာတစ်အိတ်လျှင် ပျမ်းမျှကျပ် ၁,၀၀၀ ခန့်ဈေးတက်လာသည်ဟု ဆန်ကုန်သည်အချို့ထံမှသိရသည်။

ကျပ် ၁၇,၀၀၀ ကျော်အထိ ဈေးတက်လာသည်ကို ဘုရင့်နောင်ဆန်ကုန်သည်တစ်ဦးကပြောသည်။

လွန်ခဲ့သည့် မေလအတွင်းကလည်း တရုတ်နိုင်ငံမှအဝယ်များလာခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် ဆန်ကြမ်းဈေးနှုန်းတစ်အိတ်လျှင် ၁,၅၀၀ ကျပ် မြင့်တက်လာခဲ့ကြောင်းကိုလည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဦးနေလင်းဇင်ထံမှ သိရသည်။



ဇွန်လအတွင်းက အာဖရိကနိုင်ငံများသို့ သင်္ဘော ၃ စီးစာ ဆန်ရောင်းချရန်အတွက် စီစဉ်ခဲ့ကြကြောင်း ဆန်ကုန်သည်အချို့ကဆိုသည်။ ယင်းသို့သင်္ဘောတင်များရှိနေခြင်းအတွက် ပြည်တွင်းဈေးကွက်တွင် ဆန်ဝယ်ယူမှုများနေရာ ၂၅ မှတ် (အကျိုးအကြေ ၂၅ ရာခိုင်နှုန်း) ဆန်တစ်အိတ်လျှင် ၁၆,၀၀၀ ကျပ်မှ

ထိုင်းနှင့်ဗီယက်နမ်က ဆန်ဈေးနှုန်း မြင့်တက်လာသောကြောင့် အာဆီယံဒေသတွင်းနိုင်ငံများတွင် အသက်သာဆုံးဖြစ်သည့် မြန်မာ့ဆန်ကို နိုင်ငံခြားဆန်ကုန်သည်များက ဝယ်ယူရန် ကမ်းလှမ်းမှုများရှိလာကြောင်းကိုလည်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ပြောသည်။ ❑

# အောင်လံနွေစပါး တစ်ဧကတင်း ၁၀၀ ကျော်ထွက် ကျပ်လေးသိန်းဈေးပေါက်

**မြို့သားလေး**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်တွင် **နွေစပါးများ** ရိတ်သိမ်းပြီးဖြစ်ရာ တစ်ဧကတင်း ၁၀၀ ကျော်ထွက်ရှိပြီး **တင်းတစ်ရာ ကျပ်လေးသိန်းဈေး**ရရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမြို့နယ်ရှိ ဒုရင်ဗိုလ်ကျေးရွာတွင် နွေစပါးရိတ်သိမ်းရာ၌ တစ်ဧကကို ၁၇၅ တင်းထွက်ပြီး စက်ထွက်အတိုင်းစပါးတင်း ၁၀၀ ကို လယ်တောကြီးသမဝါယမမှ ကျပ်လေးသိန်းဖြင့် ဝယ်ယူသည်ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဌေးမောင်ကပြောသည်။



အဆိုပါ နွေစပါးစံကွက်ရိတ်သိမ်းမှုကို ဇွန်လ ၃၀ ရက်နေ့က ဒုရင်ဗိုလ်ကျေးရွာတွင် ကျင်းပရာ၌ သရက်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမင်းဇော်အောင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးဦးဌေးမောင်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးမှူးနှင့်ဝန်ထမ်းများက စပါးရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ဆောင်ရွက်ပေးခဲ့ကြသည်ဟုဆိုသည်။

အောင်လံမြို့နယ်အတွင်း နွေစပါး (၃. ၆၂၄) ဧက စိုက်ပျိုးထားရာ ရတနာတိုးအမျိုးအစားကို SRI စနစ်ဖြင့် စိုက်ပျိုးရေးဌာနမှ ပညာပေးစိုက်ပျိုးထားရာ**တစ်ဧကစိုက်ပျိုးစရိတ်ကုန်ကျငွေကျပ် ၁၈၁,၈၃၀ သာ ကုန်ကျ**ကြောင်းသိရသည်။

# ရွှေဖရုံသီး၊ အေးခဲသရက်သီးအနှစ်နှင့် ပဲပုပ်အမှုန့်တို့ကို ဂျပန်ဈေးကွက်သို့ တင်ပို့မည်

ရွှေဖရုံသီး၊ အေးခဲသရက်သီးအနှစ်နှင့်ပဲပုပ်အမှုန့်တို့ကို ယခုနှစ်တွင် ဂျပန်ဈေးကွက်သို့တင်ပို့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းကပြောသည်။

စားသောက်ကုန်ဈေးကွက်နှင့်ပတ်သက်ပြီး ဂျပန်ဈေးကွက်သည် အဆင့်မြင့်ဈေးကွက်ဖြစ်သည့်အတွက် ဂျပန်ဈေးကွက်ကို ထိုးဖောက်နိုင်ပြီး အဆင့်မီသည်နှင့် တခြားဘယ်ဈေးကွက်မဆိုတင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ပေးခြင်းသည် တောင်သူတွေပိုက်ဆံများများရအောင်စဉ်းစားပြီး လုပ်ဆောင်သည်ဟုဆိုသည်။ ဂေါ်ဖီ၊ ဟင်းနုနွယ်၊ မုန်လာဥ၊ မုန်လာရွက်တို့ရှိ ရေခိုးကိုစုပ်ထုတ်ပြီး အခြောက်ခံကာ ဂျပန်နှင့်ကိုရီးယားသို့ တင်ပို့နေသည်မှာ ခြောက်နှစ်တာကာလထိရောက်ရှိနေပြီဖြစ်ကြောင်းသိရသည်။ ပိန်းဥ၊ ရုံးပတီသီး၊ ပဲတောင့်ရှည်၊ ကန်စွန်းဥတို့ကိုအေးခဲပြီး ဂျပန်ဈေးကွက်သို့ တင်ပို့သည်မှာ တစ်နှစ်ရှိနေပြီဖြစ်သည်။ ယခုနှစ်အတွင်း အေးခဲဟင်းသီးဟင်းရွက်တန်ချိန် ၂,၀၀၀ ခန့်နှင့် ဟင်းသီးဟင်းရွက်ခြောက် တန်ချိန် ၃၀၀ မှ ၅၀၀ ကြား တင်ပို့နိုင်ရန် ရည်မှန်းထားကြောင်းဆိုသည်။

ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ပြီးနိုင်ငံခြားကိုတင်ပို့သည့်အတွက် ဟင်းသီးဟင်းရွက်ခြောက်နှင့်အအေးခံဟင်းသီးဟင်းရွက်တို့သည် ၂ နှစ်နီးပါးကြာရှည်ခံကြောင်း သိရသည်။

**စံမျိုးထက်**



# စားသောက်ကုန်သုံးစွဲရန်အညွှန်း မြန်မာဘာသာဖြင့် ရေးသွင်းရမည်

ပြည်တွင်း ပြည်ပထုတ်ကုန်ပစ္စည်းများတွင် သုံးစွဲရန်အညွှန်းကို မြန်မာဘာသာဖြင့် ရေးသွင်းရန်စီစဉ်နေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆွေတင့်ကြူးကပြောသည်။

**'ကုန်ပစ္စည်းတွေရဲ့ သုံးစွဲပုံအညွှန်းကို မြန်မာလိုဖော်ပြဖို့ မကြာခင်ကြေညာသွားမှာပါ။ အဲဒီလိုထုတ်ပြန်ပြီး ချက်ချင်းလိုက်နာရမယ့်သဘောမျိုးလည်းမဟုတ်ပါဘူး။ သူတို့ကို ပြင်ဆင်ချိန်ပေးထားပါတယ်။ ဥပဒေပိုင်းဆိုင်ရာ ကြေညာရမယ့်အချက်တွေနဲ့ပတ်သက်လို့ ပြင်ဆင်မှုတွေလုပ်နေပါတယ်'** ဟု ၎င်းကပြောသည်။

**ပြည်တွင်းသုံးစားသောက်ကုန်များတွင် သုံးစွဲရန်အညွှန်းမပါရှိခြင်းကြောင့် မှားယွင်းစွာသုံးစွဲမိပါက ကျန်းမာရေးဆိုးကျိုးများဖြစ်စေနိုင်သဖြင့်သုံးစွဲရန် ကုန်ပစ္စည်းအညွှန်းအား မြန်မာဘာသာဖြင့် ဖော်ပြရမည့်စနစ်ကို ယခုနှစ်အတွင်း စတင်မည်ဖြစ်ကြောင်း** သိရသည်။

အဆိုပါ**တားမြစ်ချက်ကို ဖောက်ဖျက်ပါက ပထမအဆင့်သတိပေးခြင်း၊ ဒုတိယအဆင့်ပြင်းထန်စွာသတိပေးခြင်းနှင့် တတိယအဆင့်လျော်ကြေးပေးစေခြင်းဖြင့် အရေးယူမည်ဖြစ်ကြောင်း** သိရသည်။

**ဝင်းမြင့်ဦး**

စက်မှုအလင်းဂျာနယ် Beacon of Industry Journal

## အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း
## အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) တွင် အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| (က) | ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) | - စစ်တောင်းမြစ်ကမ်းရှိ မြစ်ရေတင် Pontoon မှ မြစ်ရေတင်ခြင်းလုပ်ငန်း လိုအပ်သော ပိုက်လိုင်းတည်ဆောက်မှုလုပ်ငန်း<br>- Ground Tank ဂါလံ (၅၀,၀၀၀) ဆံ့ (၂) လုံး တည်ဆောက်ခြင်းလုပ်ငန်း<br>- Pump House (10' x 10' x 10') ဆောက်လုပ်ခြင်းလုပ်ငန်း |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၅. ၇. ၂၀၁၇) ရက်နေ့မှ (၂၁. ၇. ၂၀၁၇) ရက်နေ့အထိ အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ) သာဂရမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီးတွင် တင်ဒါပုံစံများကို သတ်မှတ်ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်နှင့်အချိန် - (၇. ၈. ၂၀၁၇) ရက်နေ့၊ (၁၆း၀၀) နာရီ

၄။ တင်ဒါသွင်းရမည့်နေရာ - အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) နေပြည်တော်။

**စုံစမ်းရန်**

အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ)
သာဂရမြို့၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
ဖုန်း- ၀၆၇-၄၀၅၃၂၂၊ ၀၉-၄၃၀၉၇၈၂၅၊ ၀၉-၄၃၀၁၈၆၈၁။

**တင်ဒါခေါ်ယူရေးကော်မတီ**
**အမှတ် (၁၄) အကြီးစားစက်ရုံ (သာဂရ)၊ ရေတာရှည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။**

## မြန်မာ့ဆေးဝါးလုပ်ငန်း
## Sticker Label 4-Colour (Roll Type) (၁၉,၀၀၀,၀၀၀) ခုနှင့် 1oz, 2oz Plastic Bottle with Cap အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့်အရေအတွက်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | 1oz ပလတ်စတစ်ဘူးဆေးပြား (၁၃) မျိုး (11 cm x 2.8 cm) | ၈,၆၇၄,၅၀၀ ခု |
| (ခ) | 2oz ပလတ်စတစ်ဘူးဆေးပြား (၅) မျိုး (12.5 cm x 3.6 cm) | ၃,၀၄၀,၆၀၀ ခု |
| (ဂ) | 3oz ပလတ်စတစ်ဘူးဆေးပြား (၃) မျိုး (13.5 cm x 4.6 cm) | ၁,၅၈၈,၈၀၀ ခု |
| (ဃ) | 100ml PET ဘူးသောက်ဆေးရည် (၆) မျိုး (12.5 cm x 4.6 cm) | ၁,၁၉၆,၁၀၀ ခု |
| (င) | Ceftriaxone Injection (9 cm x 3 cm) | ၃,၄၀၀,၀၀၀ ခု |
| (စ) | Cefotaxime Injection (9 cm x 3 cm) | ၁,၁၀၀,၀၀၀ ခု |
| (ဆ) | 1oz Plastic Bottle with Cap | ၇,၈၀၀,၀၀၀ ဘူး |
| (ဇ) | 2oz Plastic Bottle with Cap | ၁,၅၀၀,၀၀၀ ဘူး |

၂။ တင်ဒါပိတ်ရက်နှင့်အချိန် - (၂၈. ၇. ၂၀၁၇) မွန်းလွဲ (၄း၀၀) နာရီ

၃။ ပစ္စည်းပေးသွင်းရမည့်စက်ရုံ - ဆေးဝါးစက်ရုံ (အင်းစိန်-BPI)

၄။ တင်ဒါပေးသွင်းရမည့်နေရာ - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်။

တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်း အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း (ရုံးချုပ်)**
**ရုံးအမှတ် (၃၇) စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။ ဖုန်း - ၀၆၇ ၄၀၈၃၈၈**

## ရန်ကုန်တိုင်းအတွင်း ယခုပညာသင်နှစ်တွင် နေ့စားလပေးမူလတန်းပြ ဆရာ/ဆရာမများ ခန့်အပ်မည်

ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာကျောင်းများ၌ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် နေ့စားလပေးမူလတန်းပြဆရာ/ဆရာမ ၇၉၄ ဦးခန့်အပ်ရန် အခြေခံပညာဦးစီးဌာနသို့တင်ပြထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှသိရှိရသည်။

အခြေခံပညာကျောင်းများတွင်လစ်လပ်နေသော မူလတန်းပြနေရာများကို ပြန်လည်ဖြည့်တင်းရန်၊ ယခုပညာသင်နှစ်တွင် ကျောင်းအဆင့်များကိုတိုးမြှင့်ပေးခြင်းကြောင့် လိုအပ်မည့်ဆရာ/ဆရာမနေရာများကိုဖြည့်ဆည်းရန် နေ့စားလပေးမူလတန်းပြဆရာ/ဆရာမအသစ်များခေါ်ယူခန့်ထားမည်ဖြစ်သည်။

နေ့စားလပေးမူလတန်းပြဆရာ၊ ဆရာမများကို တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ခေါ်ယူခန့်ထားခြင်းဖြစ်ပြီး ခေါ်ယူမည့်အချိန်နှင့် အသေးစိတ်အချက်အလက်များကို နိုင်ငံပိုင်သတင်းစာများတွင် ကြေညာမည်ဟုဆိုသည်။ ထိုနေ့စားလပေးမူလတန်းပြရာထူးနေရာများအတွက် အသက် ၄၀ နှစ်နှင့်အောက် ပါရဂူဘွဲ့ရများ၊ အသက် ၃၅ နှစ်နှင့်အောက် မဟာဘွဲ့ရများ၊ အသက် ၃၀ နှစ်နှင့်အောက် ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရများကို ရေးဖြေ၊ နှုတ်ဖြေစစ်ဆေး၍ခန့်ထားကာ မြို့နယ်အခြေပြုဆရာအတတ်ပညာသင်တန်းများ တက်ရောက်ပြီးဆုံးပါက နေ့စားလပေးမူလတန်းပြမှ နိုင်ငံ့ဝန်ထမ်းမူလတန်းပြအဖြစ် ခန့်ထားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်ဦး**

## ကာလတိုသက်မွေးသင်တန်းကျောင်း ရှစ်ခုတိုးချဲ့ဖွင့်လှစ်မည်

**လေးမောင်မောင်**

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ အကူအညီကိုရယူပြီး ၂၀၁၈ ခုနှစ်တွင် နည်းပညာ၊ သက်မွေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ကာလတိုသက်မွေးသင်တန်းကျောင်းရှစ်ခုကို ပြည်တွင်း၌တိုးချဲ့ဖွင့်လှစ်သွားဖြစ်ကြောင်း အဆိုပါဦးစီးဌာန၏ ညွှန်ကြားရေးမှူး ဒေါက်တာပြည့်သက်ကျော်ထံမှသိရှိရသည်။

တိုးချဲ့ဖွင့်လှစ်မည့် သက်မွေးသင်တန်းကျောင်းရှစ်ခုကို ကလေး၊ ဘားအံ၊ မုံရွာ၊ လားရှိုး၊ မိတ္ထီလာ၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူစသည့်မြို့ကြီးများတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ နည်းပညာ၊ သက်မွေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့်နေပြည်တော်မြို့ကြီးများတွင် ကာလတိုသက်မွေးသင်တန်းကျောင်း သုံးခုဖွင့်လှစ်ခဲ့ရာအောင်မြင်သဖြင့် ယခုကဲ့သို့ထပ်မံတိုးချဲ့ဖွင့်လှစ်ရခြင်းဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် ပညာအရည်အချင်းကန့်သတ်ထားခြင်းမရှိဘဲ သင်တန်းတစ်ခုအတွက် သင်တန်းသား ၁၂ ဦး လက်ခံသင်ကြားပေးသွားမည်ဖြစ်သည်။ အသစ်ဖွင့်လှစ်မည့်သင်တန်းကျောင်းများ၌ တစ်နှစ်လျှင် ကာလတိုသင်တန်းလေးကြိမ်ဖွင့်လှစ်မည်ဖြစ်ပြီး လူငယ်များ အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းသိရှိရသည်။

**စက်မှုအလင်းဂျာနယ်တွင် သတင်းနှင့်ကြော်ငြာများ ဆက်သွယ်ထည့်သွင်းနိုင်**
**၀၆၇-၄၀၅၀၅၇ ၊ ၀၆၇-၄၀၅၄၂၉၊ ၀၁ -၂၅၀၆၅၁**

# လူနာတင်ယာဉ် (Ambulance) များ ထုတ်လုပ်နိုင်ရေး ဆရာဝန်ကြီးများ၏ အကြံဉာဏ်ရယူထုတ်လုပ်

စက်မှုဝန်ကြီးဌာနအနေဖြင့် ဈေးနှုန်းချိုသာ၍ လက်တွေ့အသုံးဝင်သော လူနာတင်ယာဉ် (Ambulance) များကို စက်ရုံများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအတွက် ထုတ်လုပ်ပေးနိုင်ရန် လူနာတင်ယာဉ်တစ်စီးကို ရှေ့ပြေးစမ်းသပ်တပ်ဆင်ထုတ်လုပ်ခဲ့ပြီး **နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ကုတင်-၁၀၀၀) မှ ဆရာဝန်ကြီးများအားပြသ၍ အကြံပြုချက်များရယူခြင်း၊** ဆေးရုံကြီး အရေးပေါ်လူနာဌာနတွင် လက်ရှိအသုံးပြုနေသော လူနာတင်ယာဉ် (Ambulance) များနှင့် နှိုင်းယှဉ်လေ့လာခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ အကြံပြုချက်များ၊ နှိုင်းယှဉ်လေ့လာတွေ့ရှိချက်များ အပေါ်အခြေခံ၍ လိုအပ်သည်များ ပြုပြင်ခဲ့ပြီး၊ ယင်းပြုပြင်ပြီးစီးခဲ့သည့် လူနာတင်ယာဉ် (Ambulance) တစ်စီးကို ဇူလိုင်လ ၁၄ ရက်နေ့ နေ့လယ်က နေပြည်တော်ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်ကြီးများထံ ပြန်လည်ပြသ၍ နောက်ဆုံးအဆင့်








အဖြစ် အချောသပ်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပြီးဖြစ်သည်။ (ပုံ)

စက်မှုဝန်ကြီးဌာနအနေဖြင့် ဆရာဝန်ကြီးများ၏ အကြံပြုချက်များအတိုင်း ဆောင်ရွက်ပြီးဖြစ်၍ မကြာမီကာလအတွင်း ဈေးနှုန်းချိုသာ၍ လက်တွေ့အသုံးဝင်သော လူနာတင်ယာဉ် (Ambulance) များကို ကျယ်ကျယ်ပြန့်ပြန့် တပ်ဆင်ထုတ်လုပ်ပေးနိုင်တော့မည်ဖြစ်သည်။

## မြွေပွေးအဆိပ်နှင့် မြွေဟောက်အဆိပ်နှစ်မျိုးပြေနိုင်မည့် Bivalent မြွေဆိပ်ဖြေဆေးအသစ် ဖြန့်ဖြူးမည်

**မြွေပွေးအဆိပ်နှင့်မြွေဟောက်အဆိပ်ပါပြေနိုင်မည့် Bivalent မြွေဆိပ်ဖြေဆေးသစ်ကို စက်မှုဝန်ကြီးဌာန BPI ဆေးဝါးစက်ရုံမှ စတင်ဖြန့်ဖြူးသွားမည်ဖြစ်**ကြောင်းသိရသည်။

အဆိုပါ **မြွေပွေးအဆိပ်နှင့်မြွေဟောက်အဆိပ်ပါပြေနိုင်မည့် Bivalent မြွေဆိပ်ဖြေဆေးကို BPI မှထုတ်လုပ်နိုင်ပြီဖြစ်သောကြောင့်** ဆေးဝါးမှတ်ပုံတင်လက်မှတ်ရရှိသည်နှင့် ဈေးကွက်အတွင်း စတင်ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန၊ ဆေးဝါးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဒေါက်တာအောင်ဇော်က ပြောသည်။





ဒေါက်တာအောင်ဇော်က **'အချို့ မြွေကိုက်ခံရတဲ့ လူနာတွေမှာ မြွေပွေး၊ မြွေဟောက်ကိုက်တာကို ခွဲခြားရတဲ့အချိန်တွေရှိနေတာကြောင့် မြွေပွေးအဆိပ်ရောမြွေဟောက်အဆိပ်ပါ နှစ်မျိုးလုံးရဲ့ အဆိပ်ကိုပြေစေနိုင်မယ့် မြွေဆိပ်ဖြေဆေးကို စတင်ထုတ်လုပ်တာဖြစ်တယ်။ ယခု ၂၀၁၇ ခုနှစ်အတွက် မြွေပွေးအဆိပ်ဖြေဆေးပုလင်းပေါင်း ၉ သောင်းနှင့်မြွေဟောက်အဆိပ်ဖြေဆေးပုလင်းပေါင်း ၁ သောင်း ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း'** ပြောကြားခဲ့ခြင်းဖြစ်သည်။

စက်မှုဝန်ကြီးဌာန BPI အနေ ဖြင့် WHO ၏သတ်မှတ်ချက်နှင့်အညီ မြွေဆိပ်ဖြေဆေးထုတ်လုပ်သောအဆောက်အအုံကို ၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်နေ့က ကမ္ဘာ့အဆင့်မီဖွင့်လှစ်နိုင်ခဲ့ပြီး မြွေဆိပ်ဖြေဆေးများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာနတို့က မှာယူအသုံးပြုနေခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံအတွင်း အဆိပ်ရှိမြွေကိုက်ခံရခြင်းများထဲမှ မြွေပွေး ၉၀ ရာခိုင်နှုန်း၊ မြွေဟောက် ၆ ရာခိုင်နှုန်းနှင့်ကျန် ၄ ရာခိုင်နှုန်းသည် အခြားအဆိပ်ရှိမြွေများဖြစ်သော ငန်းတော်ကြား၊ မြွေစိမ်းမြီးခြောက် စသည်တို့ဖြစ်ကြောင်းသိရသည်။

**ဖူးပွင့်ခက်ဝေ**



# GBS

YOUR GOOD BROTHER

# ဂွတ်(ဒ်)ဘရားသား(စ်)ကုမ္ပဏီလီမိတက်

## AGRICULTURE / MECHINERIES


အဆင့်မြင့်လေးဘီးထွန်စက်များ


ထော်လာဂျီ


သုံးဘီးဆိုင်ကယ်များ


နှစ်ဘီးထွန်အမျိုးမျိုး


တစ်ဘီးထွန်နှင့်သမန်းရေ


ဆန်စက်၊ ဆီစက်များ


ပန့်၊ဒိုင်နမိုနှင့်အင်ဂျင်အမျိုးမျိုး


သယ်ယူပို့ဆောင်ရေးယာဉ်များ

နတ်ရေကန် ၀၉-၄၅၇၁၈၆၁၂၀ ပျဉ်းမနား ၀၉-၄၅၇၁၈၆၇၃၀ ကလေး ၀၉-၄၅၇၁၈၆၁၄၀ ရွှေဘို ၀၉-၄၅၇၁၈၆၁၃၉ မြတောင် ၀၉-၄၅၇၁၈၆၁၅၃ တန့်ဆည် ၀၉-၄၅၇၁၈၆၁၅၀ မကွေး ၀၉-၄၅၇၁၈၆၁၄၄ ပခုက္ကူ ၀၉-၄၅၇၁၈၅၆၇၇
အောင်လံ ၀၉-၄၅၇၁၈၆၉၇၉ တောင်ငူ ၀၉-၄၅၇၁၈၆၆၈၆ ပေါ ၀၉-၄၅၇၁၈၆၆၇၃ ညောင်လေးပင် ၀၉-၄၅၇၁၈၆၇၅၄ ဆားမလောက် ၀၉-၄၅၇၁၈၇၀၆၉ ဘိုကလေး ၀၉-၄၅၇၁၈၆၆၉၈ ပုသိမ် ၀၉၄၂၂၅၂၉၀၀၅ ကျောင်းကုန်း ၀၉-၄၅၇၁၈၆၆၈၉
ဟင်္သာတ ၀၉-၄၅၇၁၈၆၆၉၁ မြိတ် ၀၉-၄၅၇၁၈၆၆၈၀ ထားဝယ် ၀၉-၂၆၀၃၅၂၀၅၆ စစ်တွေ ၀၉-၄၅၇၁၈၆၆၈၂ တောင်ကြီး ၀၉-၄၅၇၁၈၆၆၇၉ မော်လမြိုင် ၀၉-၄၅၇၁၈၆၆၇၅

Spare Parts ၀၉-၇၃၂၄၂၅၉၀ Website:: www.gbs.com.mm

ရန်ကုန် - အမှတ်-(၂၂)၊ ဘုရင့်နောင်လမ်းမကြီး၊ သီရိမွန် လုံးချင်းအိမ်ရာ၊ လှိုင်မြို့နယ်။ ဖုန်း - ၀၁ ၆၈၂၁၄၇၊ ၆၈၂၁၅၇၊ ၆၈၂၇၉၉ (လိုင်းခွဲ ၈၁၅ / ၈၂၅) ဖက်(စ်) ၀၁ ၆၈၀၄၁၃ ၀၉-၅၀၂၀၁၈၃၊ ၀၉၂၆၀၃၅၂၁၃၇
မန္တလေး - အမှတ်-(၅၁၂/၅၄၃)၊ ၈၀လမ်း၊ ၃၅ × ၃၆ လမ်းကြား၊ မန္တလေးမြို့။ ဖုန်း - ၀၂-၃၉၉၄၈၊ ၃၂၄၄၀၊ ၆၄၅၁၄၊ ၇၁၅၆၄၊ ၀၉ ၄၅၇၁၈၆၁၁၅

လက်ငင်းစနစ်၊ ဘဏ်အရစ်ကျစနစ်ဖြင့်ဝယ်ယူနိုင်ပြီး အပိုပစ္စည်းများကိုအမြိုမြိုအနယ်နယ်ရှိကုမ္ပဏီခွဲများတွင်ဝယ်ယူရရှိနိုင်ပါသည်။ ဈေးနှုန်းသက်သာပြီးဝယ်ယူသူများအဆင်ပြေချောမွေ့စေရန်ဝန်ဆောင်မှုများကိုအကောင်းဆုံးဆောင်ရွက်ပေးပါသည်။

www. gbs.com.mm E-Mail : gbsygn.pr@gmail.com


ALPINE
Purified Drinking Water
PROMISES PURITY


FUTAMI MEGA ENGINEERING CO., LTD.
Standard : ASTM A123/A123M, ASTM A153/A153M, BS EN ISO 1461:2009
HOT-DIP GALVANIZING - သံထည်များကို သံချေးမတက်ရန် သွပ်ရည်စိမ်ပေးပါသည်။ သွပ်ရည်ပူ ကန်အကျယ် ၇ မီတာ (၂၂.၉၆ ပေ) ထဲတွင်ထည့်၍စိမ်နိုင်ပါသည်။ လျှပ်စစ်တာဝါတိုင်များ၊ တယ်လီဖုန်းတာဝါတိုင်များ၊ တံတားလက်ရန်းများ၊ အရေးပေါ် သံလှေကားများ၊ လမ်းမကြီး ဘေးကာ သံဘောင်များ၊ ရထားလမ်းအချက်ပြတိုင်များ၊ မီးပွိုင့်များ၊ ကြော်ငြာဘောဘုတ်များ၊ လျှပ်စစ်ကောင်းကင်လိုင်းသုံး သံထည်ပစ္စည်းများအစရှိသည့် အပြင်သုံးပစ္စည်းများ (Outdoor Use) နှင့် Cable Ladders, Cable Trays, Cable Trunkings စသည့် (Indoor Use) ပစ္စည်းများကို ခေတ်မီ ဂျပန်နည်းပညာဖြင့် ဆောင်ရွက်ပေးနေပါသည်။ သွပ်ရည်စိမ်ပြီးပါက နှစ် ၂၀ ခန့် သံချေးမတက်ပါ။ နောက်ထပ် ဆေးသုတ်ရန် မလိုပါ။ တစ်ကြိမ်သာစိမ်ဖို့လိုပါသည်။
1 Ton စိမ်ခ US$ 500 ~ 700.
Plot No. 94, Sethmu(2) Road, Steel Industry Zone, Myaungdagar, Hmawbi Township.
Yangon Region, Myanmar. Tel : + 959 765776607, 791775507, 791778807, Fax : + 959 8612626
Email : futamimega@gmail.com, Website : www.facebook.com/futamimega

# စက်မှုဝန်ကြီးဌာနနှင့်ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ပူးပေါင်း၍ ဆေးဝါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆေးဝါးအတုများကင်းရှင်းရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**စက်မှုဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဆေးဝါးထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆေးဝါးအတုများကင်းရှင်းရေး ညှိနှိုင်းအစည်းအဝေး**ကို ဇူလိုင်လ ၅ ရက်နေ့၊ နေ့လယ်တွင် စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၀) စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် **စက်မှုဝန်ကြီးဌာနမှ** ပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဝါးများထုတ်လုပ်ပေးလျက်ရှိသည့်အခြေအနေ၊ လက်ရှိရောင်းချဖြန့်ဖြူးလျက်ရှိသည့်အခြေအနေ၊ **ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် BPI ဆေးဝါးအရောင်းဆိုင်များ တိုးချဲ့ဖွင့်လှစ်ထားရှိမှု**နှင့် နောင်ဆက်လက်ဖွင့်လှစ်မည့်အခြေအနေများကိုလည်းကောင်း၊ **ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ** မြန်မာနိုင်ငံ၏ဆေးဝါးလိုအပ်မှုအခြေအနေ၊ ပြည်ပမှဆေးဝါးများ တင်သွင်းနေမှုအခြေအနေ၊ ဈေးကွက်အတွင်း စစ်ဆေးတွေ့ရှိချက်အရ သံသယဖြစ်ဖွယ်ရှိသောဆေးဝါးအမျိုးအစားများနှင့် ဆင်တူယိုးမှား အတုပြုနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီးနောက် **BPI ဆေးဝါးများကို အလွယ်တကူဝယ်ယူရရှိနိုင်ရေးအတွက် ပြည်သူ့ဆေးရုံကြီးများတွင် BPI ဆေးဝါးအရောင်းဆိုင်/ကောင်တာများ ဖွင့်လှစ်သွားနိုင်ရေးနှင့်ဆေးဝါးအတုများ ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ**ကိုဆွေးနွေးခဲ့ကြသည်။

ထို့နောက် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် FDA မှတာဝန်ရှိသူများသည် ဆေးဝါးအတု/အစစ် အလွယ်တကူခွဲခြားနိုင်သည့် စက်ပစ္စည်းဖြင့် လက်တွေ့သရုပ်ပြ စစ်ဆေးမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ **ဆေးဝါးစစ်ဆေးရေး စက်ပစ္စည်းသည် ဆေးဝါးနှင့်ဓာတုပစ္စည်းအမျိုးပေါင်း ၂၀,၀၀၀ ကျော်ကို စစ်ဆေးနိုင်ကြောင်း၊ အရွယ်အစားသေးငယ်ပြီး ကွန်ပျူတာဖြင့်ချိတ်ဆက်၍ အလွယ်တကူအသုံးပြုနိုင်ခြင်း၊ Spare Battery အပိုပါဝင်ခြင်းတို့ကြောင့် ဈေးကွက်အတွင်း မည်သည့်နေရာတွင်မဆို On-site အလွယ်တကူ သွားရောက်စစ်ဆေးနိုင်မည်**ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ဆေးဝါးလိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



## ကင်ဆာဝေဒနာရှင်များအတွက် နာကျင်မှုဝေဒနာသက်သာစေမည့်ဆေးဝါးများ BPI စက်ရုံမှ စတင်ထုတ်လုပ်

စက်မှုဝန်ကြီးဌာန၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ **ဆေးဝါးစက်ရုံ (အင်းစိန်) BPI မှ ကင်ဆာဝေဒနာရှင်များအတွက် နာကျင်မှုဝေဒနာသက်သာစေမည့် Morphine Sulfate Tablet (10 mg) နှင့် Morphine Sulfate Syrup (1mg/ mL) တို့အား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း အောင်မြင်စွာစမ်းသပ်တီထွင်ထုတ်လုပ်နိုင်ခဲ့သည်။** ထိုသို့



အောင်မြင်စွာစမ်း သပ်တီထွင်ထုတ်လုပ်နိုင်ခဲ့မှုနှင့်ပတ်သက်၍ Prof. Dr.Cynthia Goh (Chair, Asia Pacific Hospice Palliative Care Network) နှင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာခင်သင်းမူတို့ ဦးဆောင်သောအဖွဲ့သည် ဆေးဝါးစက်ရုံ (အင်းစိန်) သို့ ဇူလိုင်လ ၁၃ ရက်နေ့တွင်လာရောက်၍ နာကျင်မှုဝေဒနာသက်သာစေမည့်ဆေးဝါးများထုတ်လုပ်ပေးနိုင်မှုအခြေအနေနှင့်ပတ်သက်၍ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(ပုံ)**

**BPI စက်ရုံမှထုတ်လုပ်သော Morphine Sulfate Tablet အားရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ကင်ဆာအထူးကုဌာနတွင် ကင်ဆာဝေဒနာရှင်များအား လက်တွေ့စမ်းသပ်ကုသကြည့်ရာ ဆေးဝါးအာနိသင်ကောင်းမွန်ပြီး ဘေးထွက်ဆိုးကျိုးမတွေ့ရှိရကြောင်းနှင့် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဦးစီးဌာန (FDA) မှ တရားဝင်ဆေးဝါး**



Morphine Sulfate Syrup

**မှတ်ပုံတင်ရရှိပြီးဖြစ်၍ဆေးဝါးများအားကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှတစ်ဆင့် ဝယ်ယူမည့်အပြင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအနေဖြင့်လည်း တိုက်ရိုက်မှာယူလိုကြောင်း ပြောကြားခဲ့သည်။** BPI စက်ရုံအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း၌ နာကျင်မှုဝေဒနာသက်သာစေမည့် **ဆေးဝါးအသစ် Tramadol Capsule** ထပ်မံတီထွင်ထုတ်လုပ်သွားမည်ဖြစ်ပြီး **ဆေးပြား (၁၀) ထောင့်ပါ ဆေးတစ်ကတ်အား ၇၀၀ ကျပ်ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည်ဖြစ်သည်။** အဆိုပါ နာကျင်မှုဝေဒနာသက်သာစေမည့် ဆေးဝါးများအား ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနလက်အောက်ရှိ ပြည်သူ့ဆေးရုံများအနေဖြင့် ဆေးရုံအုပ်ကြီးမှတစ်ဆင့် **ဆေးဝါးစက်ရုံ (အင်းစိန်) သို့ တိုက်ရိုက်လျှောက်ထားဝယ်ယူနိုင်**ပြီး အထူးထိန်းချုပ်ဆေးဝါးနှင့် ထိန်းချုပ်ဆေးဝါးရောင်းချခွင့်လိုင်စင်ရှိသော ပုဂ္ဂလိကဆေးရုံများအနေဖြင့်လည်း ဝယ်ယူနိုင်ကြောင်း သိရှိရသည်။



Morphine Sulfate Tablet



Tramadol Capsule (50 mg)